ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-7-2005) (၄၆၅၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ်ရှိ အဆိုပါဘဏ်ခွဲရှေ့၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ချီးမြှင့်ပြီး ဘဏ်ခွဲအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘဏ်ခွဲအဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)



ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်းပေါ်ရှိ အမှတ်(၂) ပေါက်တံတား(ရေပြာ) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၃)က မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ် ပခုက္ကူ–ပေါက်–ထီးလင်း–ဂန့်ဂေါလမ်း မိုင်တိုင်(၃၄/၅)၌ ယောချောင်းကိုဖြတ်၍ တည်ဆောက်ပြီးစီးပြီဖြစ်သည့် အမှတ်(၂) ပေါက်တံတား(ရေပြာ) ဖွင့်ပွဲကို ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် အဆိုပါတံတားဖွင့်ပွဲမင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့်ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

ကြေးမုံ ဆောင်းပါးအညွှန်း

▶ ***"နိုင်ငံတော် တည်ငြိမ် အေးချမ်းမှုမရှိလျှင် သာသနာတော်လည်း တည်ငြိမ်အေးချမ်းမှု မရှိနိုင်"ဟူသော အမြဲမှန် သင်ခန်းစာတစ်ရပ် ကို သမိုင်းထဲမှာ နက်နဲစွာ ထိုးစိုက်လိုက် လေ၏။***

ရတနာစည်ဆရာတော်(လှိုင်လင်)၏

"ငွေရတု သပြေနုမှသည် ရွှေရတု ဇေယျတုဆီသို့" ဆောင်းပါး (စာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၃-၇-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

မြန်မာနှင့်လာအို ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကဏ္ဍစုံတွင်ဖွံ့ဖြိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်လာခဲ့သည်မှာ ၂၀၀၅ခုနှစ် ဇူလိုင်လ ၁၂ရက်နေ့တွင် နှစ် (၅၀)ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာ–လာအိုသံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့်မြောက်သည့် နှစ်ပတ်လည်အခါသမယတွင် နှစ်နိုင်ငံ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် နိုင်ငံခြားရေးဝန်ကြီးများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံထံသို့ သဝဏ်လွှာပေးပို့ရာတွင် **"မိမိတို့နှစ်နိုင်ငံသည် ဖြတ်သန်းခဲ့သည့်ကာလများတစ်လျှောက်တွင် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစွာတည်ဆောက်ထိန်းသိမ်းနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာ တွေ့ရှိရပါသည်။ ယနေ့တည်ရှိနေသော ရင်းနှီးခင်မင်မှုများကို နောင်အနာဂတ်တွင်လည်း ပိုမိုခိုင်မာလာစေလိမ့်မည်ဟု အလေးအနက် ယုံကြည်ပါသည်"** ဟူ၍ ဖော်ပြထားသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံထံမှ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သဝဏ်လွှာပေးပို့ရာတွင် **"လွန်ခဲ့သော နှစ်(၅၀) နှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့စဉ်ကတည်းက နှစ်နိုင်ငံအစဉ်အလာအရ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ စသည့် ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး နှစ်နိုင်ငံရှိ ပြည်သူများကို များစွာ အကျိုးဖြစ်ထွန်းစေခဲ့ခြင်းအတွက် မိမိအနေဖြင့် များစွာ ဝမ်းမြောက်မိပါသည်"** ဟူ၍ ဖော်ပြထားသည်။

မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့သည် အိမ်နီးနားချင်း မိတ်ဆွေနိုင်ငံများဖြစ်ကြပြီး တူညီသော ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့အပေါ် အခြေခံသည့် အိမ်နီးချင်းကောင်းပီသသော ဆက်ဆံမှုများ ထူထောင်ကာ အတူတကွနေထိုင်လာခဲ့ကြသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု မထူထောင်မီကာလကတည်းကပင် ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်။ ယင်းသို့သော ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ လွန်ခဲ့သော နှစ်ပေါင်း(၅၀)အတွင်း ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် ထိန်းသိမ်းတည်ဆောက်နိုင်ခဲ့ကြသည်။

မြန်မာနှင့်လာအိုနှစ်နိုင်ငံသည် ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၃ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်လာခဲ့ကြပြီး အာဆီယံအဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်ရေးလုပ်ငန်းများ၌ ချစ်ကြည်ရင်းနှီးစွာ လက်တွဲကြိုးပမ်းလျက်ရှိကြသည်။

ထို့အပြင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှုများကြောင့် ပိုမိုခိုင်မာတည်တံ့ခဲ့သည်။ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာအရ နှစ်နိုင်ငံချင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိနေသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသများသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းသို့ နှစ်နိုင်ငံ ပူးတွဲဆောင်ရွက်မှုများ၊ အပြန်အလှန်ယုံကြည်မှုဖြင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုများသည် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးရှိစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့်လာအိုနိုင်ငံတို့အကြား အစဉ်အလာအရ တည်ရှိလာခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ဆက်လက်ကြိုးပမ်းဖော်ဆောင် မြှင့်တင်ပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အေးချမ်းအောင်မြင်ငွေကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် နေမျိုးသူရလမ်း အေးချမ်းအောင်မြင်ငွေကျောင်းတွင် သီတင်းသုံးတော်မူသော ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရားကြီးအား အမှူးထား၍ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုဂန္ဓနှင့် ဘဒ္ဒန္တ ဇောတိက အရှင်သူမြတ်တို့က သံဃာတော် ၁၀၈ ပါးတို့အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၁၇–၇–၂၀၀၅ရက် (၁၃၆၇ခု ဝါဆိုလဆန်း ၁၂)ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိကျင်းပမည်ဖြစ်၍ ကြွရောက်ကြည်ညိုသဒ္ဓါပွားများနိုင်ကြရန် ဖိတ်ကြားထားသည်။

ဝါဆိုသင်္ကန်းကုသိုလ် ပါဝင်လှူဒါန်းလိုသူများ အေးချမ်းအောင်မြင်ငွေကျောင်း ဖုန်း–၀၉–၈၀–၃၁၂၇၁၊ ၅၅၆၆၆၆၊ ၇၂၄၄၈၂ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်း အသိပေးနှိုးဆော်ထားသည်။ (က–ပ)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့်ပတ်သက်၍ ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ် (၂၃)မှ အသင်းဝင် ၇၅ဦးအား အမျိုးသားရေးမူဝါဒ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပတ်သက်၍ အဆိုပါသင်တန်း၌ ယနေ့ မွန်းလွဲပိုင်းတွင် ဟောပြောပို့ချသည်။

ယင်းအခမ်းအနားတွင် အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ငွေကျပ်သုံးသောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက ငွေကျပ်နှစ်သောင်း ပေးအပ်လှူဒါန်းရာ ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန်က လက်ခံသည်။ (သတင်းစဉ်)

ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် ဇွန် ၂၄ရက်တွင် ဘာလင်မြို့၌ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဟော့စ်ခိုလာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဇူလိုင် ၁၃

အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် ဇွန် ၂၈ရက်တွင် ရောမမြို့၌ အီတလီသမ္မတနိုင်ငံ သမ္မတ မစ္စတာကာလို အာဇေလီယို ချမ်ပီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၁၉)ရတနာလမ်း ကျောက်မြောင်း တာမွေမြို့နယ်မှ နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးသိန်းထွေး၊ ဒေါ်စိန်ဥ၊ Dr. ဦးသန်းထွန်း၊ ဒေါ်မေစုတို့အားအမှူးထား၍ ဦးအောင်သန်းဦး၊ ဒေါ်ယဉ်ယဉ်မွန်းတို့က ငွေကျပ် ၁၅၀၀၀၀ကို အဖွဲ့ဝင်ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လာအို–မြန်မာချစ်ကြည်ရေး

✪ နှစ်ပြည်ထောင် ခေါင်းဆောင်များ နှုတ်ဖျားကမဆို ရင်တွင်းကို အရင်းတည် ချစ်ကြည်တဲ့စကား လေးစားကြပြန်အလှန် ဟန်ပန်မှာပကတိ ငြိမ်းချမ်းပါဘိ။
✪ အဆွေတို့ချစ်ကြည်စွာ လာရောက်တာ ဂုဏ်ယူ၏ ရောက်ရှိသည့်ချိန်အခါ နွေးထွေးစွာပြည့်အဝ ပြုစုကြ အိမ့်ရှင်တာ လိုတာထက်ပိုပါဘိ ဆွေတို့အသိ။
✪ ခေါင်းဆောင်များ ဆွေးနွေးရာ အမြင်မှာ တူညီလို့ ညှိယူဖို့ပြဿနာ ဘယ်ဟာမျှမရှိ အေးချမ်းပါဘိ။
✪ နှစ်ပြည်ထောင်နယ်နိမိတ် အတိတ်ကပင်အဆင်ချောပြောစရာ မဲခေါင်တံတား ဖောက်ကားစို့ တစ်နေ့မှာ သေချာပါဘိ။
✪ အဆွေတို့ သာသနာ တူညီကာ ဘာဝနာပွား မေတ္တာထား အချင်းချင်းကို ကြည်ညိုရန် ပြည်သူများ ရုပ်ပွားတော်မြတ်ကုသိုလ် သဒ္ဓါပိုပေးလှူ၏ ဆွေတို့အသိ။
✪ ထိုနည်းတူ သာသနာအား သန့်ရှင်းပွားတည်တံ့ရန် ထေရာမှန် မွေအနှစ်ကို သာသနာချစ် စိတ်ကိုယ်တူနှင့် မြန်ပြည်မှာ ဆည်းပူးရေး အားပေးပါ၏။
✪ ချစ်ကြည်ရေးခရီးတာ သုံးရက်သာကြာသော်လည်း မေတ္တာခံဓာတ်တူချင်း လေးစားချင်းအပြည့် နားလည်ခြင်းတစ်ဝ အိမ်နီးချင်းပီသစွာဖြင့် ပြဿနာ ဘာမျှမရှိ ငြိမ်းချမ်းပါဘိ။

(နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ၂၀၀၃ ခုနှစ် မေလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်ကို ရည်ညွှန်းပါသည်။)

မောင်ချစ်အေး (မဲခေါင်တစ်နေရာ)

နေ့ကလေးထိန်းကျောင်း အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

သာကေတမြို့နယ်သဒ္ဒါရုံဝန်ထမ်းအိမ်ရာနှင့် လှိုင်သာယာမြို့နယ် ဝန်ထမ်းအိမ်ရာတွင် ဖွင့်လှစ်ထားသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ သန့်ရှင်းရေးဝန်ထမ်းသားသမီးများ နေ့ကလေးထိန်းကျောင်းနှစ်ကျောင်းအတွက် Max Myanmar ကုမ္ပဏီမှ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ဌေးဌေးခိုင်တို့ကအလှူငွေကျပ်ဆယ်သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က သဒ္ဒါရုံဝန်ထမ်းအိမ်ရာ နေ့ကလေးထိန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒေါ်ဌေးဌေးခိုင်က အလှူငွေ ပေးအပ်လှူဒါန်းရခြင်းကိုပြောကြားပြီး ငွေကျပ်ဆယ်သိန်း ပေးအပ်ရာ မြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က လက်ခံယူသည်။ **(ဝဲပုံ)** (၁၉)

အဏုမြူဓာတ်အားပေးစက်ရုံ ၂၀ အီရန်၌ တည်ဆောက်မည် အီရန် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မော်စကိုတွင် ပြောကြား

တီဟီရန် ဇူလိုင် ၁၁

အီရန်နိုင်ငံသည် လာမည့်နှစ်များတွင် အဏုမြူဓာတ်အားပေးစက်ရုံပေါင်း ၂၀ ကို တည်ဆောက်ရန် စီစဉ်ထားကြောင်း အီရန် အထက်တန်းအမတ်တစ်ဦးက မြို့တော်မော်စကို၌ ပြောကြားကြောင်း အိုင်အာအင်အေသတင်းဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံသည် လာမည့်နှစ်များတွင် တည်ဆောက်မည့် အဏုမြူဓာတ်အားပေးစက်ရုံ ၂၀ အတွက် လိုအပ်သည့် နျူကလီးယားလောင်စာကို တစ်ပြိုင်တည်းထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအရ အကျိုးရှိမည်ဖြစ်ကြောင်း ပါလီမန်ရှိ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒ ကော်မရှင်အကြီးအကဲ ကာဇမ်ဂျာလာလီက ပြောကြားသည်။

ဂျာလာလီသည် အီရန်–ရုရှား ပါလီမန်ချစ်ကြည်ရေးအဖွဲ့ကို ဦးဆောင်လျက် ရုရှားနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ အဏုမြူဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးကိစ္စနှင့်ပတ်သက်၍ ဂျာလာလီက ရုရှားဖက်ဒရယ် အဏုမြူစွမ်းအင် အေဂျင်စီအကြီးအကဲ အလက်ဇန္ဒာရမ်ယန်ဆေ့ဗ်နှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

လိုအပ်

အီရန်နိုင်ငံတွင် ရုရှားနိုင်ငံ၏ အကူအညီဖြင့် ဘူရှီယာ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ နျူကလီးယားလောင်စာ ထောက်ပံ့ပေးမှုကိုလည်း အချိန်ဇယားအတိုင်း ဆက်လက်လုပ်ဆောင်သင့်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက ထုတ်ပြန်ကြေညာခဲ့သည့် အတိုင်းပင် မိမိတို့နိုင်ငံသည် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် နျူကလီးယား အစီအစဉ်ကို အကောင်အထည်ဖော်နေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကွန်ကာအုပ်စု ပြည်ပသို့ တီဗွီတင်ပို့

ပေကျင်း ဇူလိုင် ၁၁

ရုပ်မြင်သံကြားစက်များ ဦးဆောင်ထုတ်လုပ်သည့် တရုတ်နိုင်ငံမှကုမ္ပဏီများ အနက်တစ်ခုဖြစ်သော ကွန်ကာအုပ်စုသည် ယခုနှစ်ပထမခြောက်လတာ ကာလအတွင်း ရောင်စုံရုပ်မြင်သံကြားစက် နှစ်သန်းနီးပါးကို ပြည်ပသို့ တင်ပို့ခဲ့ကြောင်းစီးပွားရေးရာ နေ့စဉ်သတင်းစာက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ယင်းအရေအတွက်သည် ၂၀၀၄ခုနှစ်တွင် ကွန်ကာအုပ်စု၏ တင်ပို့မှုပမာဏနှင့် တူညီကြောင်း ကွန်ကာအုပ်စုမှ အဆင့်မြင့်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ရာမာဒီမြို့ရှိ နေအိမ်တစ်အိမ်တွင်းသို့ ဝင်းထရံကိုကျော်ကာ ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို ဇူလိုင် ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင် ထက်ဝက်ကျော် အီရတ်မှ ပြန်လည်ရုပ်သိမ်းရေး စဉ်းစားသုံးသပ်လျက်ရှိ

လန်ဒန် ဇူလိုင် ၁၁

အီရတ်နိုင်ငံမှ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင် ထက်ဝက်ကျော်ကို ၂၀၀၆ ခုနှစ် နှစ်လယ်တွင် ပြန်လည်ရုပ်သိမ်းရန် အမေရိကန်နှင့် ဗြိတိန်အစိုးရများက စဉ်းစားလျက်ရှိကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနမှ ပေါက်ကြားသည့် မှတ်တမ်းအရ တနင်္ဂနွေနေ့က သိရှိရသည်။

ယင်းမှတ်တမ်းကို ဗြိတိသျှ ကာကွယ်ရေးဝန်ကြီး ဂျွန်ရိတ်က ရေးသားထားခြင်းဖြစ်ပြီး ဗြိတိန်နိုင်ငံက ယင်း၏တပ်ဖွဲ့ဝင် အရေအတွက်ကို ၈၅၀၀ မှ ၃၀၀၀ အထိ ၂၀၀၆ခုနှစ် နှစ်လယ်တွင် လျှော့ချမည်ဟု သည်မေးအွန်ဆန်းဒေးသတင်းစာက ကိုးကား၍ ရေးသားထားသည်။

အီရတ်နိုင်ငံတောင်ပိုင်းရှိ ပြည်ပတပ်ဖွဲ့ဝင်များအား ဦးဆောင်နေသည့် ဗြိတိသျှတပ်ဖွဲ့က အယ်လ်–မူသာနာနှင့် မေဆန်ပြည်နယ်များကို အီရတ် ထိန်းချုပ်မှုရှိစေရန် ၂၀၀၅ခုအောက်တိုဘာတွင် လွှဲပြောင်းပေးမည်ဖြစ်ပြီး အခြားပြည်နယ်နှစ်ခုဖြစ်သည့် ဒီကာနှင့် ဘာဆရာတို့ကို ၂၀၀၆ခု ဧပြီလတွင် လွှဲပြောင်းပေးသွားမည်ဖြစ်သည်ဟု အဆိုပါမှတ်တမ်းတွင် ဖော်ပြထားသည်။

အီရတ်ရှိဗြိတိသျှတပ်ဖွဲ့ဝင်များကို ၃၀၀၀ခန့်အထိရောက်အောင် လျှော့ချမည်ဟု ယင်းမှတ်တမ်းကဖော်ပြပြီး ယင်းသို့တပ်ဖွဲ့ဝင်များ စီစဉ်တကျရုပ်သိမ်းမှုကြောင့် တစ်ဘီလီယံပေါင် (အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၄ ဘီလီယံ)ခန့် သက်သာမည်ဟုဆိုသည်။

အမေရိကန်တပ်ဖွဲ့ကလည်း အီရတ်တွင် ၁၈ ပြည်နယ်မှ ၁၄ ပြည်နယ်အထိ ၂၀၀၆ခုနှစ်နှစ်ဦးပိုင်းတွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ထံသို့ လွှဲပြောင်းပေးရန် စီစဉ်နေပြီး ယင်းသို့လွှဲပြောင်းခြင်းဖြင့် တပ်ဖွဲ့ဝင် ၁၄၀,၀၀၀ ခန့်ရှိရာမှ ၆၆,၀၀၀ သာရှိတော့မည်ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

သက်မွေးပညာသင်တန်း ဂရိနိုင်ငံ ရင်းနှီးမြှုပ်နှံ

အေသင် ဇူလိုင် ၁၁

ဂရိအစိုးရသည် သက်မွေးပညာသင်တန်းတွင် အများအပြား ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း ဂရိပညာရေးဝန်ကြီး မာရီတာဂီအင်နာကူက သောကြာနေ့တွင် ပြောကြားလိုက်သည်။

သက်မွေးပညာ သင်တန်းအဖွဲ့ (အိုအီးအီးကေ)က ကြီးမှူးကျင်းပသော နီးနှောဖလှယ်ပွဲတစ်ရပ်တွင် အိုအီးအီးကေသည် ပြည်သူ့သက်မွေးပညာ သင်တန်းကျောင်း ၁၀၀ ပါဝင်သည့် ကွန်ရက်နှင့်အတူ လစ္စဘွန်းအစီအစဉ် လမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ တစ်ရက်တည်း မုံးငါးကြိမ်ဖောက်ခွဲ မုံးပေါက်ကွဲမှုကြောင့် လူ ၄၀ ကျော်သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁၁

အီရတ်နိုင်ငံတွင် ဇူလိုင် ၁၀ရက် တစ်ရက်တည်း၌ ဗုံးခွဲသူများက ငါးကြိမ်ဖောက်ခွဲ တိုက်ခိုက်ခဲ့ရာ လူ ၄၀ထက်မနည်း သေဆုံးခဲ့ရသည်။

ဘဂ္ဂဒက်မြို့လယ်ကောင် မူသာနာ လေယာဉ်ကွင်း၌ အီရတ်တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာနတွင် ဖောက်ခွဲရေးပစ္စည်းများ ကိုယ်၌ချည်ထားသူ တစ်ဦးက ဇူလိုင် ၁၀ရက်၌ ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၂၅ဦးသေဆုံးပြီး ၄၇ဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်နှင့် ဆေးရုံတာဝန်ရှိသူများက ပြောကြားသည်။

ဗုံးမှာတပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာန၏ဂိတ်အပြင်ဘက်၌ လူ ၄၀၀ခန့် စုရုံးရှိနေကြစဉ် နံနက် ၉နာရီကပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူအများသေဆုံးခဲ့ကြရပြီး ယခုတိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေသည် စစ်ပွဲစတင်ချိန်မှစ၍ ၆၅၀၀ ကျော်သွားပြီဖြစ်သည်။

ဘဂ္ဂဒက်၏အခြားနေရာ၌ တနင်္ဂနွေနေ့က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများတွင် အခြားလူ ၁၄ဦးထက်မနည်း သေဆုံးခဲ့သည်။ ပြန်ပေးဆွဲခံခဲ့ရသော အီရတ်ကာရာတေးအသင်းခေါင်းဆောင်၏အလောင်းကို တိုက်ဂရစ်မြစ်ထဲ၌ ရှာဖွေတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ဖေဖော်ဝါရီလထဲ၌ တပ်ဖွဲ့ဝင်သစ်စုဆောင်းရေးဌာန အပြင်ဘက်တွင် လူအုပ်ထဲ၌ ဗုံးဖောက်ခွဲခဲ့သဖြင့် လူ ၂၁ဦးသေဆုံးပြီး ၂၇ဦး ဒဏ်ရာရရှိခဲ့သည်။

အင်တာနက်။

တူရကီနိုင်ငံ အရှေ့ပိုင်းတွင် ကုန်ရထားမိုင်းခွဲခံရ

အင်ကာရာ ဇူလိုင် ၁၀

တူရကီနိုင်ငံအရှေ့ပိုင်းတွင် ကုန်ရထားတစ်စင်း ဇူလိုင်၇ ရက်က ဖောက်ခွဲတိုက်ခိုက်ခြင်းခံခဲ့ရကြောင်း အနာတိုလီယာသတင်းဌာနက သတင်းဖော်ပြသည်။ ကုန်ရထားသည် အီဇီကန်ပြည်နယ်မှ အီဇူရမ်ပြည်နယ်သို့အလာ လမ်းခရီးတွင် အဝေးထိန်းစနစ်အသုံးပြု၍ ဖောက်ခွဲတိုက်ခိုက်ခြင်းခံရကြောင်း၊ ထိုတိုက်ခိုက်မှုကြောင့် ရထားတွဲခုနစ်တွဲ တိမ်းမှောက်ခဲ့ရသော်လည်း အသေအပျောက် တစ်စုံတစ်ရာမရှိကြောင်း အီဇူရမ်ပြည်နယ်အုပ်ချုပ်ရေးမှူး ဆီလာလက်တင်ဂူဗင့်စ်က ပြောကြားသည်။

ရထားဗုံးဖောက်ခွဲမခံရမီ အစောပိုင်းမှာပင် တူရကီစစ်ဘက်ယာဉ်များ အိုလုစ်ဘာ စီဒ်မီရစ်တီပီခရိုင်၌ အဝေးထိန်းစနစ်အသုံးပြုကာ တိုက်ခိုက်ခံခဲ့ရသည်။ ထိုတိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှု တစ်စုံတစ်ရာရှိသည်ဟု သတင်းတွင် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မလေးရှား ကလေးငယ်များ အစာအဆိပ်သင့် ၈၈ ဦး ဆေးရုံတင်ရ

ကွာလာလမ်ပူ ဇူလိုင် ၁၁

မလေးရှားနိုင်ငံ အနောက်ပိုင်း ပါရက်ပြည်နယ်ရှိ ကျောင်းတစ်ကျောင်း၏ စားသောက်ဆိုင်တွင် ကြက်သားဆန်ပြုတ်ကို စားသောက်ကြပြီးနောက် မအီမသာ ဝေဒနာခံစားကြရသည့်အတွက် ကျောင်းသားကလေးပေါင်း ၈၈ ဦးကို အိုင်ပိုဆေးရုံသို့ တင်လိုက်ရကြောင်း ဇူလိုင် ၈ရက်ထုတ် ဘနားမားသတင်းတွင် ဖော်ပြထားသည်။

ကလေးများမှာ ဝမ်းဗိုက်အောင့်ခြင်း၊ မူးနောက်နောက်ခံစားရခြင်းနှင့် အော့အန်သည့် ဝေဒနာများကို ခံစားကြရသည့်အတွက် ကျောင်းအနီးအနားရှိ ဆေးခန်းတွင် ဦးစွာကုသမှုခံယူခဲ့ပြီးနောက် ဆေးရုံသို့ ဆက်လက်တင်ပို့ခဲ့ရခြင်းဖြစ်သည်။

ကလေးငယ်များသည် နံနက် ၁၀နာရီခန့်၌ ကျောင်းတွင်းစားသောက်ဆိုင်ရှိ စားသောက်ရာနေရာတွင် ကြက်သားဆန်ပြုတ်ကို သောက်ကြပြီးနောက် ဖော်ပြပါ ဝေဒနာများကို ခံစားခဲ့ကြရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပင်လယ်ရေအောက် ဆက်သွယ်ရေးကြိုးလိုင်း ပြတ်တောက်မှု ပြန်လည်ပြင်ဆင် ပြီးစီး

အစ္စလမ္မာဘတ် ဇူလိုင် ၁၁

ပါကစ္စတန်နိုင်ငံနှင့် ကျန်ကမ္ဘာ့နယ်မြေများကို ဆက်သွယ်ပေးထားသော ပင်လယ်ရေအောက် ဆက်သွယ်ရေးကြိုးလိုင်းသည် လွန်ခဲ့သောသီတင်းနှစ်ပတ်ခန့်က ပြတ်တောက်သွားခဲ့သည်။ ထိုသို့ ပြတ်တောက်မှုဖြစ်ပွားခဲ့ရပြီး ၁၂ရက်ခန့်အကြာတွင် အဆိုပါ ဆက်သွယ်ရေးလိုင်းမှာ ပြင်ဆင်၍ ပြီးစီးသွားပြီဖြစ်၍ အဆက်အသွယ်များ ပြန်လည်ရရှိပြီဖြစ်ကြောင်း ပါကစ္စတန် အထက်တန်း အရာရှိတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုရေအောက် အလင်းဖန်မျှင် ဆက်သွယ်ရေးကြိုးကို တောင်အာရှ–အရှေ့အလယ်ပိုင်း အနောက်ဥရောပ ဆက်သွယ်ရေးလိုင်း ဆီးမီးဝီ–သရီးဟု အတိုကောက်ခေါ်ဆိုသည်။ အဆိုပါလိုင်းမှာပင်လယ်ပြင်အောက်တစ်နေရာတွင် ပျက်စီးခဲ့ရသည်။ အဆိုပါလိုင်း ပြတ်တောက်မှုသည် ဇွန် ၂၇ရက်ကတည်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပုံမှန်ပြန်ဖြစ်

ယခုအခါ အဆိုပါဆက်သွယ်ရေးလိုင်းမှာ ပုံမှန်ပြန်လည်ဖြစ်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင်ဆက်သွယ်ရေးလုပ်ငန်း ပီတီဒီအယ်လ်မှ ပြောရေးဆိုခွင့်ရှိသူ ဂျူနိုဒ်ခန်းက သတင်းသမားများကို အသိပေးခဲ့သည်။

ထိုကြိုးလိုင်းမှာ ငါးဖမ်းသင်္ဘော ကျောက်ချရပ်နားစဉ် ကျောက်ဆူးနှင့်ညိပြီး ပျက်စီးခဲ့ရခြင်းဖြစ်သည်ဟု ပီတီဒီအယ်လ် အရာရှိကပြောကြားသည်။ ယင်းချွတ်ယွင်းမှုကြောင့် အင်တာနက် အလုံးပေါင်း ၁၀ သန်းကျော် အဆက်အသွယ်ပြတ်ခဲ့ရကြောင်း ပီတီဒီအယ်လ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဝက်စ်မောက်ဒေသတွင် တောမီးလောင်နေသည်ကို ဇူလိုင် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဖဲကြိုးဖြတ်ဖွင့်လှစ်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ ယောချောင်းကိုဖြတ်၍ တည်ဆောက်ထားသော အမှတ်(၂) ပေါက်တံတား (ရေပြာ)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဝဲပုံနှင့်အောက်ပုံ)

(ဆောက်လုပ်ရေး)

ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များ လုံးဝစောင့်ဆိုင်းစရာမလို ရေပြာတံတားကြောင့် လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ပြီ

*** ပခုက္ကူမှ**

အစီအစဉ်အရ ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံသည် အရေးပါသည့်ကဏ္ဍက ပါရှိသည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံတော်တစ်ဝန်း လမ်းများကို ကွန်ရက်သဖွယ် ဆက်သွယ်ဖောက်လုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ ယခင်ကမြစ်၊ ချောင်းများ ခြားထားသဖြင့် ပြတ်တောက်နေသည့် လမ်းများမှာယခုအခါ တံတားကြီး၊ တံတားငယ်အသွယ်သွယ်ဖြင့် ဆက်သွယ်ဆောက်လုပ်ပေးထားပြီးဖြစ်၍ အတားအဆီးမရှိတော့ဘဲ လွယ်ကူချောမွေ့စွာ သွားလာနိုင်နေပြီလည်းဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် အမှတ်(၂) ပေါက်တံတား(ရေပြာ)သည် ၁၉၉၈ခုနှစ်နောက်ပိုင်းဖွင့်လှစ်သည့် ပေ ၁၈၀နှင့်အထက် ၁၈၄စင်းမြောက်တံတားဖြစ်ကြောင်း၊ မကွေးတိုင်းအတွင်းတွင် ၁၃ စင်းမြောက်တံတားဖြစ်ကြောင်း၊ ယင်း ၁၃ စင်းအပြင် သစ်သားနှင့် ယာယီဘေလီတံတားများအဖြစ် ပေ ၁၈၀နှင့် အထက်တံတားစာရင်းတွင် ထည့်သွင်းခဲ့ခြင်းမပြုသည့် တံတားများရှိပါသေးကြောင်း၊ ယင်းတို့မှာ ၂၀၀၂ခုနှစ်တွင် ယခုလမ်းပေါ်၌ ဖွင့်လှစ်ပေးခဲ့သည့် ချီချောင်းတံတားနှင့် ကျောက်ဆစ်တံတား၊ ၂၀၀၃ခုနှစ်တွင် ဂုံဘိုနှင့် တပြင်းတံတား၊ ၂၀၀၄ခုနှစ်တွင် ကျောက်ထု–ထီးလင်းလမ်းပေါ်ရှိကြီးချောင်းတံတား၊ ကျောက်ထု–ဆော–ဆိပ်ဖြူလမ်းပေါ်ရှိ အညာကတင်းတံတားတို့ဖြစ်ကြောင်း၊ စုစုပေါင်း ခြောက်စင်းရှိကြောင်း၊ ယင်းတံတားများပါဆိုလျှင် ၁၉စင်းရှိမှာ ဖြစ်ကြောင်း၊ ယင်းတံတားခြောက်စင်းကိုလည်း ယာယီမှ သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးသွားမှာဖြစ်ကြောင်း၊ ထို့အပြင် မကွေးတိုင်းအတွင်း၌ ပေ ၂၀ နှင့် ပေ ၁၈၀အကြား တံတားဆိုလျှင် ၂၈စင်း တည်ဆောက်ပေးခဲ့တာရှိကြောင်း၊ လမ်းအပိုင်းကိုကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်ထိ လမ်းအနေဖြင့် ၁၃၀၈မိုင် ရှိခဲ့ပြီး ယခုဆိုလျှင် ၁၇၄၂မိုင် ၅ဖာလုံရှိလာပြီဖြစ်၍ ၄၃၄မိုင် ၅ဖာလုံ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ယခုဖွင့်လှစ်သည့် အမှတ်(၂) ပေါက်တံတား(ရေပြာ)သည် ပခုက္ကူ–ပေါက်–ကျောက်ထုလမ်းပေါ်၌ ပခုက္ကူမှ ၃၄မိုင်အကွာ ရေပြာရွာ၌ ယောချောင်းကိုဖြတ်ပြီး တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ ယင်းတံတား၏ထူးခြားချက်မှာ ယောချောင်းသည်ကျယ်ပြန့်ပြီး အလယ်တွင်ကျွန်းကဲ့သို့ ဖြစ်နေခြင်းကြောင့် တံတားကို ကမ်းပါးနှစ်ဖက်အပြည့်မထိုးဘဲ အဓိကကျသည့် ရေစီးကြောင်းနှစ်နေရာ၌သာ တံတားတည်ဆောက်ထားပြီး အလယ်ကျွန်းနေရာကို မြေကြီးတာပေါင်ဖို့၍ တည်ဆောက်ထားခြင်းပင်ဖြစ်ကြောင်း။

သစ်သား တံတား ပေ ၂၆၀အပိုင်းကို နောင်တွင် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဘေလီတံတား ပေ ၆၆၀ အပိုင်းတွင် တံတားအောက်ထည်ပိုင်းကို အခိုင်အမာတည်ဆောက်ထားပြီးဖြစ်ကြောင်း၊ တိုင်တစ်တိုင်၏ အုတ်မြစ်ကို ၁၄ လက်မပတ်လည် သံကူကွန်ကရစ်ပိုင်တိုင် ၁၄လုံးဖြင့် ၃၅ပေအနက်အထိ ရိုက်သွင်းထားပြီး ပိုင်ထိပ်အုတ်နှင့် တံတားတိုင်များကိုလည်း သံကူကွန်ကရစ်ဖြင့်အခိုင်အမာတည်ဆောက်ထားကြောင်း၊ အပေါ်ထည်ဘေလီကိုနောင်တွင် သံကူကွန်ကရစ်တံတားဖြင့်အစားထိုးတည်ဆောက်သွားမှာ ဖြစ်ကြောင်း။

တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၁၀ပေ ၁၀လက်မခွဲရှိပြီး ခွင့်ပြုအလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၂၀ဖြစ်ကြောင်း၊ တံတားကို ယခုနှစ်ဇန်နဝါရီလ ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုဖွင့်လှစ်ချိန်အထိ ခြောက်လသာကြာမြင့်ခဲ့ကြောင်း၊ ယင်းတံတားကိုဖွင့်လှစ်နိုင်ခြင်းကြောင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းက ပြည်ထောင်စုလမ်းမကြီးတစ်ခုဖြစ်သည့် ပုသိမ်–မုံရွာ လမ်းကြောင်းပေါ်၌ အတားအဆီးတစ်ခုကို ဖြေရှင်းလိုက်နိုင်ခြင်းဖြစ်သကဲ့သို့ ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကြောင်း၌လည်း ယခုရက်ပိုင်းအတွင်း ဆက်လက် ဖွင့်လှစ်မည့် အမှတ်(၁) ပေါက်တံတား(အုန်းတော)နှင့် ဆက်စပ်၍ ရေပြာမှ အုန်းတော–ပေါက်မြို့အထိ (၁၁/၄)မိုင်သာကွာဝေးသဖြင့် ယခင်ကွေ့ပတ်သွားရသည့် မြောက်ဘက်လမ်းနှင့်စာလျှင် တစ်မိုင်ခွဲခန့် ခရီးပိုနီးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဤတံတားသည် ဧရာဝတီတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းတို့ကို အပြန်အလှန်ဆက်သွယ်သွားလာနိုင်ရန်အတွက် အချက်အချာကျသည့် နေရာတွင်ရှိနေကြောင်း။

နိုင်ငံချုပ်အနေဖြင့် နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာဖြင့် ထူထောင်ပေးထားသည့် အခြေခံကောင်းများကို တိုင်းရင်းသားပြည်သူအားလုံးက ထိထိရောက်ရောက် အသုံးချပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ဖော်ဆောင်သွားကြရန်နှင့် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် လမ်း/တံတားများကိုလည်း ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် တိုက်တွန်းလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်ပိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို စနစ်တကျ စီမံဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဖြစ်ကြောင်း၊ ပြည်နယ်/ပြည်မ ဆက်သွယ်ရေးလမ်းများ ကောင်းမွန်မှသာ တိုင်းရင်းသား အချင်းချင်းအပြန်အလှန် ကူးလူးဆက်သွယ်ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုရရှိလာမှာ ဖြစ်သကဲ့သို့ ဒေသထွက်ကုန်များ လွယ်ကူလျင်မြန်စွာ တင်ပို့ရောင်းချနိုင်မှာဖြစ်သည့်အတွက် မြန်မာပြည်တစ်နံတစ်လျားတွင် တံတားများ တည်ဆောက်ခြင်းနှင့် လမ်းများဖောက်လုပ်ခြင်းတို့ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို အပေါ်ထည် ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်း၊ အောက်ထည်(၁၄လက်မ x ၁၄လက်မ) သံကူကွန်ကရစ်ပိုင်တိုင်နှင့် သစ်မာမျောတိုင်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး တံတားအရှည်စုစုပေါင်းမှာ ပေ ၁၆၁၀ ဖြစ်ကြောင်း၊ ရေပြာတံတားကို တည်ဆောက်ဖွင့်လှစ်လိုက်သည့်အတွက် ပခုက္ကူ–ပေါက်–ကျောက်ထု–မင်းတပ်လမ်းကို ပခုက္ကူမြို့မှ ပေါက်မြို့သို့လည်းကောင်း၊ ချင်းပြည်နယ် မင်းတပ်မြို့သို့လည်းကောင်း၊ ဂန့်ဂေါခရိုင် ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များသို့လည်းကောင်း၊ ယခင်က ပေါက်မြို့အဝင် ကျောချောင်းကိုဖြတ်မရ၍ သုံးရက်၊လေးရက် စောင့်ဆိုင်းနေရသော ခရီးသည်ယာဉ်များ၊ ကုန်တင်ယာဉ်များ ယခုအခါ လုံးဝစောင့်ဆိုင်းစရာမလိုတော့ဘဲ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း။

တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာသာ တာဝန်ရှိသည်မဟုတ်ဘဲ ဒေသခံပြည်သူများ၌ပါ တာဝန်ရှိကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် မိမိရပ်ရွာအတွင်းရှိ တံတားကြီးများကို မပျက်စီးရအောင် ဝိုင်းဝန်းထိန်းသိမ်းရမှာဖြစ်ကြောင်း၊ တံတားကြီးများ၏ အဓိကရေလမ်းကြောင်းများ မပြောင်းလဲစေရေးအတွက် လယ်မြေ၊ ယာမြေများ ချောင်းအတွင်း တိုးချဲ့ခြင်းမပြုလုပ်ရန် အထူးလိုအပ်ကြောင်း၊ ရေလမ်းကြောင်း ပြောင်းလဲသွားပါက တံတားကမ်းကပ်ခုံနှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားခံရပြီး တံတားကြီးများ ပျက်စီးသွားနိုင်ကြောင်း။

အမှတ်(၂) ပေါက်တံတား(ရေပြာ)ကို အချိန်တိုအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် အဘက်ဘက်မှ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း တံတားကြီးရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူ ဒေါ်ဝင်းရီက တံတားတည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်ပရိသတ်များသည် တံတားဖွင့်လှစ်မည့် မုခ်ဦးနေရာသို့ သွားရောက်နေရာယူကြပြီး တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က အမှတ်(၂) ပေါက်တံတား (ရေပြာ)ကို မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဧည့်ပရိသတ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တံတားကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖွင့်လှစ်လိုက်သည့် အမှတ်(၂) ပေါက်တံတား(ရေပြာ)မှာ ယောချောင်းကိုဖြတ်၍ တည်ဆောက်ထားပြီး မြေသားတာပေါင်ပေ ၆၉၀၊ သစ်သားတံတားအရှည်ပေ ၂၆၀၊ ဘေလီတံတားအရှည်ပေ ၆၆၀စုစုပေါင်း အရှည်ပေ ၁၆၁၀ရှိ၍ အုတ်မြစ်အမျိုးအစား၊ သံကူကွန်ကရစ်ပိုင်တိုင်၊ ကွန်ကရစ်တိုင်စင်နှင့် သစ်သားတိုင်စင်တို့ဖြင့် တည်ဆောက်ထားကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၂၀ဖြစ်သည်။ (သတင်းစဉ်)

ဇူလိုင် ၁၀ရက်က ဒဂုံမြို့နယ် အမှတ်(၂)အထက(မြို့မကျောင်း)တွင် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးတင်မောင်ထွန်းနှင့် ကျောင်းကောင်စီဝင်များ စုပေါင်း၍ သစ်ပင်စိုက်ပျိုးပေးကြစဉ်။ (က–ပ)

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၂

တောင်ဥက္ကလာပမြို့နယ်၊ (၂)ဝိုင်း၊ အောင်ပင်လယ်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ(မဟာဂန္ထဝါစကပဏ္ဍိတ)အမှူးရှိသော ဝါဆိုသံဃာတော် အပါး ၁၀၀ကျော်တို့အား စုပေါင်းဝါဆိုသင်္ကန်းနှင့် စာအောင်သံဃာတော်တို့အား ဆုလက်မှတ်ဆက်ကပ်ခြင်းကို ဇူလိုင် ၂၀ရက်တွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များသည် အောင်ပင်လယ်စာသင်တိုက် ဖုန်း– ၅၇၀၅၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၆၃)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို တနင်္သာရီတိုင်း မြိတ်မြို့ မြိတ်တက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး တက္ကသိုလ်နှင့် ကောလိပ်များသည် အရေးပါသော ဌာနကြီးများဖြစ် နိုင်ငံချစ်သည့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းအောင်လေ့ကျင့်သင်ကြား

ရန်ကုန် ဇူလိုင် ၁၂

တနင်္သာရီတိုင်း မြိတ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာပုဂ္ဂိုလ်များ လိုက်ပါလျက် ဇူလိုင် ၉ရက် နံနက်ပိုင်းတွင် မြိတ်မြို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် မြိတ်မြို့သစ်ဖော်ထုတ်ရေး လုပ်ငန်းခွင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြိတ်မြို့ မြိတ်တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ခန်းမ၌ ဒုတိယပါမောက္ခချုပ် ဦးသိန်းအောင်က မြိတ်တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ကျောင်းသားဦးရေနှင့် ဝန်ထမ်းဦးရေ၊ ဖွင့်လှစ်ထားရှိသော သင်တန်းနှင့်ဘာသာရပ်များ၊ သင်ကြားစီမံမှုများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းတာဝန်ခံဦးခင်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းအင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မြိတ်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိရပ်ရွာမှာပင် အေးချမ်းသာယာစွာ ပညာသင်ကြားနိုင်ရေးအတွက်ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီးများတွင် တက္ကသိုလ်များ၊ ကောလိပ်များကို ဖွင့်လှစ်ပေးသကဲ့သို့ ကျန်းမာရေးကဏ္ဍအတွက် ခေတ်မီဆေးရုံကြီးများ၊ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍအတွက် လမ်းတံတားများကို နိုင်ငံတော်က တည်ဆောက်ပေးခဲ့ကြောင်း၊ထို့ကြောင့် ယနေ့မျက်မှောက်ကာလတွင်ကျေးလက်နှင့်မြို့ပြ ကွာဟမှုများ ကျဉ်းမြောင်းလာခဲ့ပြီး နယ်စပ်ဒေသများပါမကျန် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးတွေ့မြင်နေကြရပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ်နှင့် ကောလိပ်များသည် အရေးပါသော ဌာနကြီးများဖြစ်၍ တာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးကို အလေးထား၍ သင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူ ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးသည့်စိတ်ဓာတ်၊ ကိုယ့်အမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်များ၊ အတွေးအခေါ်များပိုမိုဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် လေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းလိုကြောင်း။

အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေး အတွက် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ၊ တာဝန်သိသိဖြင့် ကျရာတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်၍ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်တက္ကသိုလ် ပင်မဆောင် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြိတ်တက္ကသိုလ်ပင်မဆောင် တည်ဆောက်ရေးလုပ်ငန်းကို ယုဇနဆောက်လုပ်ရေးအဖွဲ့က ၂၀၀၄ခုနှစ် မေလမှစတင်၍ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အဆောက်အအုံမှာ သံကူကွန်ကရစ် ပင်မလေးထပ်ဆောင်နှင့် သုံးထပ်စာသင်ဆောင်တို့ပါရှိပြီး စီမံကိန်းတစ်ခုလုံး၏ ၇၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

မြိတ်ဆေးရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မြိတ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ရောက်ရှိကြပြီး အမျိုးသားလူနာဆောင်၊ ခွဲစိတ်ကုသဆောင်တို့၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်၍ ခွဲစိတ်ဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဆွေဝင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်သွင်တို့က ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်မြို့ရေပုန်းရပ်ကွက် အဏ္ဏဝါလမ်း၌ K.R.C.Pကုမ္ပဏီလီမိတက်က ဆောက်လုပ်မည့် နိုင်ငံတကာအဆင့်မီ Pearl Laguna Resort ဟိုတယ် ဆောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးခွန်သန်းထွန်းက စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုကလိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဟိုတယ် ဆောက်လုပ်မည့် မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်မြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြိတ်မြို့ မြို့ပတ်ကမ်းနားလမ်း ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဖွဲ့ဝင်များလိုက်ပါလျက် မြိတ်မြို့သစ် တည်ဆောက်ရေး စီမံကိန်းရုံးသို့ရောက်ရှိပြီး မြိတ်မြို့သစ် ဖော်ထုတ်ရေး ဦးစီးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်စီမံဆောင်ရွက်ပေးသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား မြို့ပြစီမံကိန်း ရေးဆွဲရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများက မြိတ်မြို့သစ် ဖော်ထုတ်ရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး မြိတ်မြို့သစ် ဖော်ထုတ်နေမှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မြိတ်မြို့ လော့လွတ်ကျေးရွာမှတစ်ဆင့် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ဆိပ်ခံတံတားများ တည်ဆောက်မည့်နေရာများနှင့် မြို့ကွက်သစ် ဖော်ထုတ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြပြီး မြိတ်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

သွားဘက်ဆိုင်ရာဆေးပညာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းဗဟို၏ အစီအစဉ်အရ ရန်ကုန်အသင်းခွဲမှ အသင်းသား၊ အသင်းသူများ၏ စဉ်ဆက်မပြတ်သွားဘက်ဆိုင်ရာဆေးပညာတိုးတက်ပြန့်ပွားရေးအစီအစဉ်တစ်ခုအဖြစ် ဒေါက်တာ ဇော်ဝင်းထွန်း Assistant Professor, Department of Oral and Maxillofacial Surgery, University of Southern California , L.A, U.S.A မှ Medical Emergencies in Dental Practice ခေါင်းစဉ်ဖြင့် ဟောပြောပို့ချပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင် သွားနှင့်ခံတွင်းဆရာဝန်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။

(သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ထုထည်ကြီးမား ထင်ရှားကေန်ဓမ္မရုံ
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ
၇း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀	တေးဂီတအစီအစဉ်
၈း၀၅	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (သူမြတ်ကျင့်ထုံးနှလုံးသွင်း)
၈း၁၅	ပြည်တွင်းသတင်းအကျဉ်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	UEFA European Championships Golden Moments
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀	၂၀၀၅ခုနှစ် မြန်မာ့သိုင်းပညာပြပွဲနှင့် ဗန်ဒိုအတိုက်ပြိုင်ပွဲ (အပိုင်း-၁)
၁၀း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀	ဆီနှင့်ကျန်းမာရေး
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	(၂၃)ကြိမ်မြောက် Sea Games အကြိုတွေ့ဆုံမေးမြန်းခြင်း
၁၀း၅၀	အောင်မြင်ရှင်သန်နေသောရော်ဘာစိုက်ခင်းရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းများ
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၄) နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ငွေရတု သပြေနုမှသည် ရွှေရတု ဇေယျတုဆီသို့

ရတနာစည်ဆရာတော် (လှိုင်လင်)

(က)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရဟန်း၊ သာမဏေပေါင်း လေးသိန်းကျော်တို့အား ဦးဆောင်မှုပေးကာ သာသနာခရီးကို ရှေ့ဦးမှ ချီတက်လျက်ရှိသော သာသနာ့ဦးသျှောင်အဖွဲ့ကြီးမှာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးဖြစ်ပါ၏။ ယင်းအဖွဲ့ကြီး၏ ဦးဆောင်မှုအောက်၌ ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့များ၊ မြို့နယ် သံဃနာယကအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ သံဃနာယကအဖွဲ့များနှင့်အတူ ရဟန်း၊ သာမဏေ အလုံးစုံတို့သည် အရှိန်အဟုန်ပြင်းပြင်းဖြင့် သာသနာခရီးကို ချီတက် လျက်ရှိကြပါကုန်၏။

သာသနာ့ဦးသျှောင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးမှာ ကောဇာ ၁၃၄၂ ခုနှစ် နယုန်လတွင် မြန်မာတစ်နိုင်ငံလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာတော်များ တညီတညွတ်တည်း စည်းလုံးညီညွတ်မှုရရှိသော အထိမ်း အမှတ်အဖြစ် စတင်ပေါ်ထွန်းလာခဲ့ရာ ယခုကောဇာ ၁၃၆၇ ခုနှစ် နယုန်လတွင် သက်တမ်း ၂၅ နှစ်တင်းတင်း ပြည့်လာလေပြီ။ ထို့ကြောင့် ငွေရတုကာလ ကြုံခဲစွအချိန်ဝယ် ထိုနိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး မပေါ်ထွန်းမီကာလ သာသနာ့အခြေအနေ၊ ပေါ်ထွန်းဆဲ ယနေ့ကာလ သာသနာ့အခြေအနေနှင့် လာမည့်ရွှေရတုကာလ သာသနာ့အခြေအနေ တို့ကို ဤအရှင်တို့ လျှောက်လှမ်းဖြတ်သန်းခဲ့ရသည့် ကိုယ်တွေ့မျက်မြင် တို့ဖြင့် ဆင်ခြင်သုံးသပ်ကြပါမည်။

(ခ)

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိလာပြီးသောအခါ သာသနာတော်၌ မတ်စိုက်သက်ဝင် ကြည်လင်လေးမြတ်ကြသူ ရဟန်းရှင်လူများ၏ ကြိုးစား အားထုတ်မှုဖြင့် သာသနာ့သမိုင်း၌ ဆဋ္ဌသင်္ဂါယနာတင်နိုင်ခြင်း၊ ထိုဆဋ္ဌ သင်္ဂါယနာအမီ တိပိဋကဓရတိပိဋကကောဝိဒဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသတည်းဟူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ထွန်းခြင်း၊ ပရိယတ် အသိပညာရောပဋိပတ်အကျင့်ပညာပါ ကောင်းစွာ ဖြန့်ကြက်နိုင်စွမ်းရှိသည့် အဂ္ဂမဟာပဏ္ဍိတ ဆဋ္ဌသင်္ဂီတိပုစ္ဆက ဘဒ္ဒန္တ သောဘနတည်းဟူသော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်ပေါ်ထွန်းခြင်း စသည့် တိုးတက်သော ဖြစ်ထွန်းမှုများရှိခဲ့၏။

ယခင်က ပါဠိဘာသာနှင့်သာတည်ရှိခဲ့ပြီး သက်ဆိုင်ရာ သမဏ လောက ရဟန်းများသာ လေ့လာသင်ယူနိုင်ခွင့်ရှိသော ပိဋကတ်သုံးပုံကို မြန်မာစာတတ်သူတိုင်း လေ့လာနိုင်သည့် ပိဋကတ်မြန်မာပြန်ကျမ်းစာများ ပြည့်ပြည့်စုံစုံ ပေါ်ထွက်ခဲ့၏။

ယင်းသို့သော တိုးတက်ဖြစ်ထွန်းမှုများနှင့်အတူ ရှုပ်ထွေးဆုတ်ယုတ်မှု များလည်း တစ်ပါတည်း ဖြစ်ပွားလျက်သာရှိခဲ့၏။ ဂိုဏ်းဂဏစွဲပြင်းထန်မှုကို အကြောင်းပြုကာ ရဟန်းသံဃာအချင်းချင်းပင် မေတ္တာပျက်ပြားလျက် သာသနာသွေး အေးခဲပြီး အကြောင်းမဲ့ရဟန်း ရဟန်းချင်း၊ ဒကာ ဒကာချင်း ဗြဟ္မစိုရ်ကင်းပျောက်မှုများ၊ ဗုဒ္ဓသားတော်ချင်း အတူတူဖြစ်ပါလျက် ဆွမ်းတစ်ဝိုင်းတည်း မဘုဉ်းပေးနိုင်မှုများ၊ ဝိနည်းကြောင့်မဟုတ်ဘဲ ဂိုဏ်းကွဲမှုကြောင့် ကံကြီး ကံငယ်အတူတကွ မဆောင်နိုင်မှုများ၊ ရဟန်းပျို အဖွဲ့၊ ရဟန်းငယ်အဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီးများသာမဂ္ဂီ စသည်ဖြင့် သာသနာရေးရာအဖွဲ့အစည်းပေါင်းစုံ ပေါ်ထွက်လာသော်လည်း စည်းလုံး ညီညွတ်မှုတစ်ပါတည်းဖြစ်ထွန်းမလာဘဲ အကွဲကွဲအပြားပြား ခြားနား နေမှုများ၊ နိုင်ငံအနှံ့ မြို့နယ်အလျောက် သာသနာရေးအုပ်ချုပ်မှုဆိုင်ရာ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်စသည်ရှိခဲ့သော်လည်း အစိုးရ၏ အာဏာစက်အပံ့အကူမရခဲ့သောကြောင့် တကယ့်အရေး၌ ထိရောက် ထက်မြက်စွာ ဆောင်ရွက်နိုင်စွမ်း နုန့်နဲ့မှုများစသည် များ...များ...တို့ သည် မြန်မာ့သာသနာရေးသမိုင်း၏ ဟာကွက်၊ ပျော့ကွက်များ ဖြစ်ခဲ့ရ၏။

အထူးသဖြင့် ပုဂ္ဂိုလ်ရေးစာတတ်မြောက်မှု၊ ဘာသာစုံတတ်ကျွမ်းမှု၊ ဘာသန္တရနှံ့သိမှုတို့ကြောင့် အစပိုင်းကျော်ကြားမှုနှင့်တစ်ပါတည်း ပုထုဇ္ဇနော ဥမ္မတ္တကော= ပုထုဇဉ်သည် ရူးနှမ်း၏ဟူသည့် ဘုရားဟော အတိုင်းပင် နောက်ပိုင်းကာလများဝယ် ရူးနှမ်းသော အတွေးအမြင်များ ဝင်လာကာ "လူသေလူဖြစ်ဝါဒ" "သမ္မာဒိဋ္ဌိသုတေသနဝါဒ" "ရွှေအဘိ ဓမ္မာဝါဒ" "၃၁ ဘုံဝါဒ ဗုဒ္ဓလက်မခံအဆို"တို့ဖြင့် ထေရဝါဒပိဋကတ်တော်ကိုပင် ယိုယွင်းပျက်စီးစေသော အယူဝါဒများ။

ပုဂ္ဂိုလ်ရေးအကျင့်ကောင်းမှု၊ ဝန်းကျင်ထက်သာလွန်အောင် ကျင့်ပြ နိုင်မှု၊ အဟောကောင်းမှုတို့ကြောင့် အစပိုင်းကျော်ကြားမှုနှင့် တစ်ပါတည်း ပုထုဇ္ဇနော ဥမ္မတ္တကော ဘုရားဟောအတိုင်းပင် နောက်ပိုင်းကာလများ ဝယ် ရူးနှမ်းသောအကျင့်၊ အပြောအဟောတို့ဖြင့် "စိတ် စိတ်အတိုင်းတိုင်း ထား" ဝါဒများနှင့်တကွ ကြောင်ပန်းတောရဝါဒ၊ ကျောက်ပုံတောရဝါဒ၊ ဦးမြတ် သိန်းထွန်းဝါဒ၊ မိုးညို ဦးသူရိယဝါဒ၊ ရေတာရှည် ဦးမာလာဝရဝါဒ၊ ဓမ္မနီတိဝါဒစသည် ပဋိပတ်ဆိုင်ရာဝိပဿနာတရားမြတ်ကိုပင် ယိုယွင်း ပျက်စီးစေသော တလွဲဆံပင်ကောင်းအကျင့်များစသည် များ... များ...တို့ ကလည်း သာသနာ့သမိုင်းကို မှုန်မှိုင်းမည်းနက်စေခဲ့ပါသည်။

အမှန်အားဖြင့် ထိုထိုအယူမှား၊ ဝါဒမှားများကို မှားယွင်းနေကြောင်း သိရှိတော်မူကြသည့် ဆရာတော်ကြီးများ၊ အယူလွဲမှုကို အယူတည့်မှု ပြန်ဖြစ်လာရေး ကြိုးပမ်းတော်မူကြသည့် ဆရာတော်ကြီးများအပိုင်းက ဘယ်လိုပင်တည့်မတ်ပြုပြင်ပေးတော်မူစေကာမူ ပုထုဇ္ဇနော ဥမ္မတ္တကော အရ ရူးနှမ်းမှု၌ နစ်စိုက်မတ်စူးနေသူများအတွက် ကောက်ရိုးတစ်မျှင် လောက်မျှ အရာမထင်ခဲ့ပါချေ။ အကျဉ်းမျှသုံးသပ်အပ်ပါသော် ဖော်ပြပြီး ပရိယတ်၊ ပဋိပတ် အရှုပ်အထွေးများကြောင့် တစ်တော တစ်ကြက်ဖ တွန်သံများမှာ နားမချမ်းသာဖွယ် ဆူညံခဲ့သည်အမှန်ဖြစ်ခဲ့၏။

သို့ဖြင့် လွတ်လပ်ရေး ရလာသည်မှ နှစ် ၃၀ မျှ ကာလတိုင်အောင် မြန်မာ့သာသနာရေးသည် အရှိန်အဟုန်မြင့်တက်မလာနိုင်ဘဲ တနိမ့်တည်း နိမ့်ဆင်းနေခဲ့ရာ အချို့ပညာရှိ သူတော်ကောင်း ဆရာတော်ကြီးများမှာ ကိုယ့်ကျောင်းကိုယ်ကောင်းအောင် တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေရသည့် ကာလများအဖြစ် သုံးသပ်ရပါသည်။

(ဂ)

ထိုမှ ကောဇာ ၁၃၄၂ ခုနှစ်တွင် ဂိုဏ်းပေါင်းစုံသံဃာတော်များ တညီတညွတ်တည်း စည်းလုံးညီညွတ်မှုရရှိကာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် သံဃာတော်ပေါင်း ၁၂၀၀ ကျော် တက်ရောက်ခဲ့သည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီး အောင်မြင်စွာ ကျင်းပနိုင်ပြီး သံဃာ့ကိုယ်စားလှယ် ၁၂၀၀ ကျော်မှ နိုင်ငံတော်ဗဟိုဝန်ဆောင် ဆရာတော်အပါး ၃၀၀ ရွေးချယ်နိုင်ခြင်း၊ နိုင်ငံတော် ဗဟိုဝန်ဆောင်အပါး ၃၀၀ မှ နိုင်ငံတော် သံဃမဟာနာယက ၃၃ ပါးကို ရွေးချယ်နိုင်ခြင်းတို့ဖြင့် တစ်နိုင်ငံလုံး၏ သာသနာရေးကိစ္စအားလုံးတို့၌ ထိရောက်ထက်မြက် လေးနက်မှန်ကန်စွာ ဦးဆောင်မှုပေးနိုင်မည့် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ကြီး စတင်ပေါ်ထွန်းခဲ့လေ၏။ ယင်းသည်ပင် မြန်မာ့သာသနာ့ သမိုင်းသစ် စာမျက်နှာတစ် ဖြစ်တော့၏။ ယင်းစာမျက်နှာတစ်မှ စ၍ကား စာမျက်နှာတိုင်း၏ အက္ခရာတိုင်းသည် ရွှေစာမျက်နှာ၊ ရွှေအက္ခရာ ဖြစ်လာ လေတော့၏။ အဘယ်ကြောင့်နည်း။ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး ကြီးဖြင့် အတည်ပြုအပ်သော သာသနာတော် သန့်ရှင်းစင်ကြယ်ရေး၊ အရှည်တည်တံ့ရေးနှင့် ပြန့်ပွားထွန်းကားရေးတို့အတွက် ထက်မြက် ထိရောက်စွာ ဆောင်ရွက်နိုင်တော့မည့် အနေအထားကောင်းသို့ ရောက်ရှိ လာသောကြောင့်ဖြစ်၏။

ယင်းအဖွဲ့ကြီး၏ ပထမဦးဆုံးသော ဥက္ကဋ္ဌဆရာတော်ကြီးမှာ အဘိဓဇ မဟာရဋ္ဌဂုရု ပဲခူးမြို့မဆရာတော်ကြီးဖြစ်၍ အကျိုးတော်ဆောင်ချုပ် ဆရာတော်ကြီးမှာ အဘိဓဇမဟာရဋ္ဌဂုရု တိပိဋက ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီးဖြစ်ပါသည်။

မြန်မာ့သာသနာ့သမိုင်းတွင် ထင်ထင်ရှားရှား နက်နက်ရှိုင်းရှိုင်းဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ပေါ်ထွန်းလာသောအခါ ယခင်က ဂိုဏ်းဂဏပေါင်းစုံ အဖုံဖုံအမျိုးမျိုး တည်ရှိခဲ့သည်တို့တွင် အမှန်တကယ် ဆက်လက်တည်ရှိသင့်သော ဂိုဏ်း ကိုးဂိုဏ်းကိုသာ ပြတ်သားစွာပြဋ္ဌာန်း နိုင်ခြင်း၊ သုဓမ္မာဂိုဏ်း၊ ရွှေကျင်ဂိုဏ်း၊ ဓမ္မာနုဓမ္မမဟာဒွါရနိကာယဂိုဏ်း၊ ဓမ္မဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်း၊ အနောက်ချောင်းဒွါရဂိုဏ်း၊ ဝေဠုဝန်နိကာယဂိုဏ်း၊ စတုဘုမ္မိကမဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း၊ ဂဏဝိမုတ်ကူးတို့ဂိုဏ်းနှင့် ဓမ္မယုတ္တိနိကာယမဟာရင်ဂိုဏ်း ဟူသော ဂိုဏ်းကိုးဂိုဏ်း၏ ဦးတည်ရာသည် တစ်ခုတည်းသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ကြီး ဖြစ်ခြင်း၊ ယင်းအဖွဲ့ကြီး၏ ညွှန်ကြားလွှာများကို ဂိုဏ်းကိုးဂိုဏ်းအပါအဝင် ရဟန်း၊သာမဏေအားလုံးတို့က လိုက်နာကြခြင်း၊ ယင်းအဖွဲ့ကြီးက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ဟူသော အဖွဲ့ငယ်သုံးဖွဲ့ကိုဖွဲ့စည်း၍ ဆိုင်ရာတာဝန်အသီးသီး ပေးအပ်ပြီး သာသနာတော်နှင့်စပ်လျဉ်းသော အရေးအရာအားလုံးအပေါ် အမြဲတမ်း ကြည့်ရှုကြပ်မတ်လျက်ရှိခြင်းတို့ကြောင့် အချိန်တိုအတွင်းမှာပင် မြန်မာ့ သာသနာသည် သန့်ရှင်းစင်ကြယ်သော၊ တည်တံ့ခိုင်မာသော၊ ပြန့်ပွား ထွန်းကားသော ထေရဝါဒဗုဒ္ဓသာသနာအဖြစ် သစ်သည်ထက်သစ်၊ စစ်သည် ထက်စစ်၊ ထွန်းသည်ထက်ထွန်း၊ ရွန်းသည်ထက်ရွန်းကာ ဝန်းဝန်းဝိုင်းဝိုင်း ရှုတိုင်းလှပ လပြည့်ညငွေစန္ဒာအသွင် ကြည်လင်အေးချမ်းလာလေတော့၏။

(ဃ)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ ဦးဆောင်မှုနောက်ဝယ် ထက်ကြပ်မကွာ သွက်လက်စွာ လိုက်ပါနိုင်ခဲ့သော သာသနာရေးရာ အားလုံးတို့အဖို့ အဖွဲ့ကြီးသက်တမ်းရှစ်နှစ်အရောက်တွင်မူ အနှောင့်အယှက် အဟန့်အတားတစ်ခုနှင့်ကြုံတိုးခဲ့ရ၏။ ၁၉၈၈ခု ပြည်ဖျက်အရေးအခင်းကြီး ဖြစ်၏။ ယင်းအရေးအခင်းကြီးက သာသနာရေး တိုးတက်ထွန်းကားမှု အပေါင်းကို တန့်ရပ်ဆုတ်ယုတ်သွားစေရုံသာမက ပျက်ပြားကွယ်ပသွား စေရန် အထိပါ ခြိမ်းခြောက်လာသော အနေအထားရောက်ရှိစေခဲ့၏။

ဆန္ဒပြအကြမ်းဖက်သမားတို့ကြောင့် အဆင့်ဆင့်သောသံဃနာယက အဖွဲ့များ ယိုင်လဲလုနီးပါးဖြစ်လာခြင်း၊ တရားဝင်တည်ရှိနေသော သံဃ နာယကအဖွဲ့ အဆင့်ဆင့်မှအပဖြစ်သော သံဃသာမဂ္ဂီအဖွဲ့၊ ရဟန်းပျို များအဖွဲ့၊ ကျောင်းထိုင်ဆရာတော်များ သံဃသမဂ္ဂအဖွဲ့ စသည်များ တရားမဝင် ပေါ်ပေါက်လာခြင်း၊ ထိုတရားမဝင်သံဃအဖွဲ့အစည်းများကပင် တရားဝင်သံဃနာယကအဖွဲ့များအပေါ် လွှမ်းမိုးလုလုဖြစ်လာခြင်း၊ တရား မဝင် သံဃအဖွဲ့အစည်းများက တရားဝင်သံဃနာယက ဆရာတော်ကြီး များကို ခြိမ်းခြောက်အကျပ်ကိုင် ဖို့လုံ့လာခြင်း စသည်များ ဖြစ်ပွား ခဲ့ပါသည်။

ယင်းဖြစ်စဉ်ကြီးက **"နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု မရှိလျှင် သာသနာတော်လည်း တည်ငြိမ်အေးချမ်းမှု မရှိနိုင်"** ဟူသော အမြဲမှန် သင်ခန်းစာတစ်ရပ်ကို သမိုင်းထဲမှာ နက်နဲစွာထိုးစိုက်လိုက်လေ၏။ ထို့ပြင် ယင်းသင်ခန်းစာက **"နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးသည် သာသနာတော် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်၍ သာသနာတော် တည်ငြိမ် အေးချမ်းရေးသည်လည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်လျက် ရှိပေရာ အပြန်အလှန် ဆက်နွယ်မှု၊ အပြန်အလှန် ထောက်ကူမှု ဖြစ်ထွန်းနေအောင် ဆရာရော ဒကာပါ မြန်မာနိုင်ငံသားအားလုံး၌ တာဝန်ရှိနေသည်"** ဟူသော ရဟန်းရှင်လူ ဗုဒ္ဓဘာသာပြည်သူအားလုံးတို့၏ မွေးရာပါတာဝန်တစ်ရပ်ကိုပါ မီးမောင်းထိုးပြထားခဲ့ပါ၏။

ထိုမှတစ်ပါး တစ်ချိန်သောအတိတ်ကာလတစ်ခုတုန်းက သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၌ နိုင်ငံတည်ငြိမ်အေးချမ်းမှုကို အပြင်းအထန် ဖျက်ဆီး ခဲ့သည့် ဗြဟ္မဏတိဿသူပုန်ဘေးအန္တရာယ်ကြီး ၁၂ နှစ်ခန့် ဖြစ်ပွား လာသည်ကို အကြောင်းပြုကာ ထေရဝါဒဗုဒ္ဓသာသနာ လွန်စွာညှိုးမှိန် ခဲ့ရသည့်အပြင် ဘိက္ခုနီသာသနာတစ်ခုလုံး လုံးဝပြိုပျက် ကွဲအက်မွကြေ ခဲ့ရပုံ ကမ္ဘာ့သာသနာ့သမိုင်းသင်ခန်းစာကိုပါ ထပ်ဆင့်သတိရစေခဲ့၏။

အကယ်၍သာ ၁၉၈၈ ခုနှစ် အရေးအခင်းကာလကြမ်းကြီးသည် နောက်ထပ်တစ်လ ထပ်ကြာခဲ့လျှင် (သို့မဟုတ်) အရေးအခင်းအတွင်း ယာယီအစိုးရတစ်ရပ် ပေါ်ထွက်ခဲ့လျှင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးသည် ဆက်လက်၍ တည်မြဲတည်နိုင်၊မတည်နိုင် ဆိုသည်မှာ အလွန်မရေရာသော၊ အလွန်မသေချာသော အဖြေလွှာတစ်ခုသာဖြစ်ခဲ့ ပေလိမ့်မည်။ တပ်မတော်အစိုးရ တက်ရောက်လာခဲ့သောကြောင့်သာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးနှင့်တကွ အဆင့်ဆင့်သော သံဃနာယကအဖွဲ့များ တည်မြဲတည်ကာ သာသနာအကျိုးကို အရှိန် အဟုန်မပျက် ဆက်လက်ဆောင်ရွက်မြဲ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်လေသည်။

အထက်ပါကောက်ချက်၏ ခိုင်လုံသောသက်သေအထောက်အထား မှာ အောက်ပါအတိုင်းဖြစ်၏ -

၁။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် (၆/၉၀) နှင့် (၇/၉၀)။

၂။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ သံဃာ့ အဖွဲ့အစည်းဆိုင်ရာဥပဒေ ဥပဒေအမှတ် (၂၀/၉၀)။

ယင်းအမိန့်များ၊ ဥပဒေများကို တပ်မတော်အစိုးရက ထုတ်ပြန်ပြဋ္ဌာန်း ပေးလျက် အာဏာစက်ဖြင့် ပြတ်ပြတ်သားသား ပံ့ကူပေးခဲ့သောကြောင့်သာ ထိုအချိန်မှစ၍ ယနေ့ ငွေရတုကာလအထိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ကြီးနှင့်တကွ သံဃနာယကအဖွဲ့အစည်း အဆင့်ဆင့် တည်မြဲတည်ကာ သာသနာတော် သန့်ရှင်းစင်ကြယ်ရေး၊ သာသနာတော် ရေရှည်တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားထွန်းကားရေးတို့ကို ဇောက်ချ ဆောင်ရွက်မြဲ ဆောင်ရွက်နိုင်ကြခြင်းဖြစ်ပါသည်။

(င)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ပထမခြေလှမ်း၌ ၃၃ပါး ဖြင့် ဖွဲ့စည်းခဲ့ပြီးနောက်ပိုင်းဝယ် လိုအပ်ချက်အရ ၄၅ ပါး၊ ၄၇ ပါး အထိ တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုငွေရတုကာလခြေလှမ်း ၂၅ လှမ်းတွင်မူ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ၄၇ ပါးတို့က မြန်မာ့သာသနာကို ကောင်းမွန်စွာ ဦးဆောင်နေတော်မူပါကုန်ပြီ။ ဥက္ကဋ္ဌ ဆရာတော်ကြီး ဖြစ်တော်မူသည့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တကုမာရ(မကွေးဆရာတော်ကြီး)နှင့်အဖွဲ့ဝင် ဆရာတော်ကြီးများ၏ ပုဂ္ဂလဆိုင်ရာ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ လွှမ်းခြုံကာ သိပ်သည်းကျစ်လျစ်သော၊ စည်းလုံးညီညွတ်သော၊ တိကျ မှန်ကန်သောအဖွဲ့ကြီးအဖြစ် မြန်မာတစ်နိုင်ငံလုံးရှိ ရဟန်းသာမဏေ လေးသိန်းကျော် အပါအဝင် သန်း ၅၀ ကျော်ပြည်သူတို့၏ ဦးထိပ်ထက်ဗွေ တည်နေတော်မူကြပါကုန်ပြီ။

ယခုငွေရတုကာလအထိ သာသနာရေးရာများ၌ ရှုပ်ထွေးမည်းညစ်မှု များကို နိုင်နင်းစွာ စင်ကြယ်ရှင်းသန့်နိုင်ခြင်း၊ ပရိယတ်ပညာရေးရာ သာသနာ့ပင်စည် ရှင်သန်ဖွံ့ဖြိုးလာခြင်း၊ ပဋိပတ်အကျင့်ရေးရာ သာသနာ့ အသီးအပွင့် ဝေဆာလန်းပွင့်လာခြင်းတို့ကြောင့် အနာဂတ်သာသနာတော် သည် အစဉ်အမြဲ သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားလာနေမည်သာဖြစ်တော့၏။

ငွေရတုအထိမ်းအမှတ်အဖြစ် အောက်၌ ဖွဲ့သီအပ်ပါသော လင်္ကာလေး များကား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသို့ ထုတိကထာ လျှောက်ထားလွှာ ဖြစ်ပါသတည်း။ ။

သပြေအနု ငွေခရု အောင်ဆုဉသုံထုံပြီဘုရား
ငွေရတုအတွင်း သာ-သန့်ရှင်း ဝင်းဝင်းဖန့်ခဲ့ပြီဘုရား
ငွေရတုအကန့် သာ-တည်တံ့ ကြံ့ကြံ့ခိုင်ခဲ့ပြီဘုရား
ငွေရတုတစ်လွှား သာ-ပြန့်ပွား မားမားမြင့်ခဲ့ပြီဘုရား
ငွေရတုမှသည် ရွှေရတုဆီ ဆက်ချီတော်မူဘုရား
မြတ်ရွှေရတု ဇေယျတု အောင်ဆုလွှမ်းတော်မူဘုရား။

အရေအတွက်မှ အရည်အချင်းသို့ ဆောင်ပုဒ်နှင့်အညီ အရည်အချင်းပြည့်ဝအောင် ဆက်လက်လေ့ကျင့်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး(အခြေခံ)သင်တန်း သင်တန်းကြီးကြပ်ရေး ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ သင်တန်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❁ **မြန်မာအမျိုးသမီးထုမှ**

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရက မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မား တိုးတက်အောင်ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက် နိုင်စေရန် ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို စတင်ဖွဲ့စည်း တည်ထောင်ခွင့်ပြုခဲ့ကြောင်း။

မိမိတို့ အမျိုးသမီးထုကြီးအနေဖြင့် ရည်ရွယ်ချက်များ ထမြောက်အောင်မြင် စေရန် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော် သွားကြရမည်ဖြစ်ပါ ကြောင်း။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရာ၌လည်း တစ်စိတ်တစ်ဝမ်းတည်း တစ်သွေးတည်း တစ်သားတည်း စုစည်းညီညွတ်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်အောင် မြန်မာအမျိုးသမီးဆိုင်ရာ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ပြီး အမျိုးသမီးများ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိရာတွင် ရရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ မြန်မာအမျိုးသမီးများ နစ်နာ ဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို စုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင် အင်အားစုအဖြစ် ပီပီပြင်ပြင်ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တိုးပွားလာအောင် စည်းရုံးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒုတိယ အဆင့်တွင် ကျစ်လျစ်ခိုင်မာပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားသည့် အမာခံ အဖွဲ့ဝင်အင်အားများဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ အဖွဲ့ဝင်အင်အားများ တိုးပွားရန်အတွက် စည်းရုံးဆောင်ရွက်ရာတွင် ဦးထိပ်ထား ရမည့် နည်းဗျူဟာ(၅)ရပ်ချမှတ်ထားကြောင်း၊ ယင်းနည်းဗျူဟာများမှာ–

(၁) **နယ်မြေအလိုက်၊ အစုအဖွဲ့အလိုက် ဦးတည်ချက်ထားခြင်း၊**
(၂) **လုပ်ငန်းစီမံချက်များကို နယ်မြေအလိုက် အကောင်အထည်ဖော်ခြင်း၊**
(၃) **စာရိတ္တကောင်းမွန်ပြီး အများအကျိုးအတွက် ဆောင်ရွက်လိုစိတ် ရှိသူများ၊ ဒေသတွင်း ဩဇာတိက္ကမရှိသူ အမျိုးသမီးများအား ၎င်းတို့ကျွမ်းကျင်သည့်၊ ဝါသနာပါသည့်လုပ်ငန်းများ အကောင် အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်စေရေးအတွက် စည်းရုံး သိမ်းသွင်းခြင်း၊**
(၄) **မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊**
(၅) **သဘောတရားလက်တွေ့နှင့် ပုဂ္ဂိုလ်ခင်မင်မှုတို့ဖြင့် ပေါင်းစပ်စည်းရုံး ခြင်း**တို့ဖြစ်ကြောင်း။

သင်တန်းသူများအနေဖြင့် အဆိုပါ နည်းဗျူဟာ(၅)ရပ်ကို ဦးထိပ်ထားရမည့် အပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးရေးညွှန်ကြားလွှာ (၁/၂၀၀၅)ပါ အချက်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဤစည်းရုံး ရေးညွှန်ကြားလွှာပါ အချက်များမှာ–

(၁) **အမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့များ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ခြင်းဖြင့် အမျိုးသမီးထုအတွင်း ထိုးဖောက် စည်းရုံးရန်။**
(၂) **နယ်မြေအလိုက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ရွေးချယ် သတ်မှတ်ပြီး လုပ်ငန်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက် ရင်းဖြင့် အမျိုးသမီးထုအတွင်း ထိုးဖောက်စည်းရုံးရန်။**
(၃) **ဒေသအသီးသီးတွင် မိမိနယ်မြေအလိုက် သင့်တော်သော စည်းရုံးရေး မှူးများ ရွေးချယ်တာဝန်ပေးအပ် ဆောင်ရွက်ရန်။**
(၄) **ဝန်ထမ်း၊ ပုဂ္ဂလိကလုပ်ငန်း(အလုပ်သမား)၊ လယ်ယာလုပ်ငန်း၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ အမျိုးသမီးငယ်ရွယ်များအတွင်း အလွှာလိုက် စည်းရုံးဆောင်ရွက်နိုင်ရေး သင့်တော်သူများ ရွေးချယ် တာဝန်ပေးအပ်ရန်။**
(၅) **အသင်းဝင်အင်အား တိုးချဲ့စည်းရုံးနိုင်ရေးအတွက် ဒေသအလိုက်၊ အလွှာအလိုက် ခွင်ကျကွက်ပြည့် စည်းရုံးဆောင်ရွက်ရန်။**
(၆) **အသင်းဝင်များအတွင်း ကျစ်လျစ်ခိုင်မာတောင့်တင်းအောင် တည် ဆောက်ပြီး အမာခံအသင်းဝင်များအဖြစ် တိုးချဲ့စည်းရုံးရန်။**
(၇) **အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ကြောင်း ပြည်သူလူထုက နားလည်ယုံကြည်လက်ခံ ပူးပေါင်းဆောင်ရွက်လာ သည်အထိ စဉ်ဆက်မပြတ် စည်းရုံးဆောင်ရွက်ရန်။**
(၈) **စည်းရုံးရေးလုပ်ငန်းများကို အဖွဲ့ချုပ်၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် စည်းရုံးရေးအဖွဲ့များနှင့် ဒေသစည်းရုံးရေးမှူးများ ဆက်သွယ် ညှိနှိုင်းဆောင်ရွက်ကြရန်**တို့ ဖြစ်ကြောင်း။

ထို့ကြောင့် စည်းရုံးရရှိပြီးသည့် အမျိုးသမီးရေးရာ အဖွဲ့ဝင်အင်အားစုကြီးကို **"အရေအတွက်မှ အရည်အချင်း"**သို့ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အရည်အချင်း ပြည့်ဝသော အမာခံအသင်းဝင်များဖြစ်အောင် ဆက်လက်ပျိုးထောင် လေ့ကျင့် ပေးဖို့လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်၊တိုင်းအသီးသီးတွင် အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဦးစီးခေါင်းဆောင်နေကြသည့် အမှုဆောင်အဖွဲ့ဝင်များအနေဖြင့် စည်းရုံးရေး နည်းလမ်းကောင်းများ၊ နည်းစနစ်ကောင်းများရရှိပြီး အမာခံအဖွဲ့ဝင် အင်အားတိုးပွားအောင် စည်းရုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ စည်းရုံးရေး(အခြေခံ)သင်တန်းကို ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း။

ဤသင်တန်းတွင် အဓိကပို့ချပေးမည့် ဘာသာရပ်များမှာ အမျိုးသမီးရေးရာ ဘာသာရပ်၊ စည်းရုံးရေးဘာသာရပ်၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်၊ အထွေထွေဘာသာရပ်ဆိုပြီး ဘာသာရပ်ကြီးလေးခု ခွဲခြားပို့ချမည်ဖြစ်ကြောင်း။

– **အမျိုးသမီးရေးရာဘာသာရပ်**တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်း၊ အမျိုးသမီးရေးရာ အဖွဲ့ဌာနကြီးခြောက်ခုနှင့် လုပ်ငန်းအဖွဲ့ခြောက်ဖွဲ့၏ တာဝန်များ၊ အညွှန်းကိန်းများ ဖြည့်သွင်းရေးသားခြင်းတို့ကို မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်က တာဝန်ရှိသူများကိုယ်တိုင် ပို့ချဆွေးနွေးပေး မည်ဖြစ်ကြောင်း။

– **စည်းရုံးရေးဘာသာရပ်**တွင် အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေး စီမံချက်၊ ခွင်ကျကွက်ပြည့် စည်းရုံးရေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲ၊ လူထုဟောပြောနည်း၊ နံရံကပ်စာစောင်နှင့် လက်ကမ်းစာစောင် ပြုလုပ်ခြင်း ဘာသာရပ်များကို ဆွေးနွေးပို့ချပေးမည်ဖြစ်ကြောင်း၊ စည်းရုံးရေးမှူးကောင်းတစ်ယောက်အတွက် အရေးကြီးသော အရည် အချင်းတစ်ရပ်မှာ လူထုဟောပြောနည်း ကျွမ်းကျင်တတ်မြောက်ဖို့ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ဆရာချစ်နိုင်(စိတ်ပညာ)ကို ဖိတ်ကြားပို့ချ စေပြီး သင်တန်းသူများကိုယ်တိုင် လက်တွေ့ဟောပြောခွင့်ရအောင် စီစဉ်ထားပေးကြောင်း၊ ထို့အပြင် အမျိုးသမီးဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ Message များကို အမျိုးသမီးများကြားထဲ ပျံ့နှံ့ရောက်ရှိဖို့ ဆောင်ရွက်ရာတွင် အထောက်အကူပြုစေမည့် နံရံကပ်စာစောင်၊ လက်ကမ်းစာစောင်ပြုလုပ်နည်း ဘာသာရပ်ကိုလည်း ထည့်သွင်းပေး ထားကြောင်း။

– **အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဘာသာရပ်**အနေဖြင့် အခြေခံရုံးလုပ်ငန်း စနစ် ဘာသာရပ်ကို ပို့ချပေးမည့်အပြင် အမျိုးသမီးရေးရာအဖွဲ့ အနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မကြာခဏ ဆက်သွယ်နေရ သည့် ဌာနဆိုင်ရာများဖြစ်ကြသည့် ဥပဒေရုံး၊ တရားရုံး၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရာ တွင် အထောက်အကူပြုစေရန် ၎င်းဌာနများကို ဖိတ်ကြားပြီး သင်ခန်းစာများ ပို့ချပေးရန် စီစဉ်ပေးထားကြောင်း၊ ထို့အပြင် အဖွဲ့အစည်းတစ်ခုတွင် အရေးကြီးသည့် ခေါင်းဆောင်မှုဘာသာရပ် ကိုပါ ထည့်သွင်းပို့ချပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် NGO အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ မိခင် နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ အရန်မီးသတ်တပ်ဖွဲ့များအကြောင်းကို လေ့လာခွင့်ရ မည်ဖြစ်ပြီး မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းများ၏ ရည်ရွယ်ချက် လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုများ၊ စည်းရုံးရေးဆိုင်ရာ လုပ်ငန်းစဉ် များ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များကို လေ့လာသိရှိခွင့် ရပြီး မိမိတို့ လက်တွေ့နယ်ပယ်တွင် များစွာ အကျိုးကျေးဇူးရှိမည် ဖြစ်ကြောင်း။

– **အထွေထွေဘာသာရပ်**အနေဖြင့် နိုင်ငံတော်မူဝါဒများ၊ ပြည်သူ တစ်ရပ်လုံးပါဝင်သော နိုင်ငံတော်ကာကွယ်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး ဘာသာရပ်များကို ကျွမ်းကျင်သူပညာရှင် များကို ဖိတ်ကြားပြီး ဆွေးနွေးပေးမည်ဖြစ်ကြောင်း။

သင်တန်းကာလမှာ ငါးရက်သာကြာမြင့်သဖြင့် ကာလတိုတောင်းသော်လည်း သင်တန်းအချိန်ဇယားအရ ပို့ချရန်ထည့်သွင်းထားသည့် ဘာသာရပ်များသည် အဖွဲ့ဝင်များကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးကျေးဇူး ရရှိသွား မည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ဤသင်တန်းတွင် ပို့ချဆွေးနွေးချက်များကို ဂရုပြုနာယူမှတ်သားဖို့ တိုက်တွန်းလိုပါကြောင်း၊ ဤသင်တန်းကို တက်ရောက်သွား ပြီးသည့်နောက်တွင်လည်း သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းများတွင် ဆင့်ပွား သင်တန်းများကို ထပ်မံဖွင့်လှစ်ရမည်ဖြစ်သဖြင့် အစကောင်းမှ အနှောင်းသေချာ ဆိုသကဲ့သို့ သင်တန်းသူများ၏ ကြိုးစားလုံ့လရှိမှုသည် မိမိတို့ ပြည်နယ်/ တိုင်းကို ပြန်ရောက်သည့်အခါတွင် ဆင့်ပွားသင်တန်းများ အောင်မြင်စွာဆက်လက် ဖွင့်လှစ်နိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း။

သင်တန်းမှရရှိလိုက်သည့် အသိပညာ၊ ကျွမ်းကျင်မှု၊ အလေ့အကျင့်ကောင်း များကို မိမိတို့ဒေသတွင် အကျိုးရှိစွာ ထိထိမိမိ အကောင်အထည်ဖော်ရင်း စည်းရုံးရေးစွမ်းရည်ထက်မြက်သည့် အမျိုးသမီးဘဝ မြှင့်တင်ရေးကဏ္ဍများမှာ ဦးဆောင်မည့် အမျိုးသမီးရေးရာ စည်းရုံးရေးမှူးကောင်းများ ပေါ်ထွန်းနိုင်ကြပါစေ ဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေး (အခြေခံ)သင်တန်း သင်တန်းကြီးကြပ်ရေးကော်မတီဝင်များသည် ပြည်နယ်နှင့်တိုင်း အသီးသီးမှ သင်တန်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ စည်းရုံးရေး(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၀၅)သို့ ပြည်နယ် နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်များစုစုပေါင်း ၅၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့ အပါအဝင် ငါးရက်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့ ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဂွမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဘဏ်ခွဲအဆောက်အအုံသစ် ဖွင့်လှစ်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ဆက်လက်၍ ဘဏ်ခွဲအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဘဏ်ခွဲ အဆောက်အအုံသစ်အတွင်း၌ ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က အမှာစကားပြောကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် နိုင်ငံတော်နှင့် ပြည်သူ အတွက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်အောင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်နှင့်အညီ အစီအစဉ်တကျ တည် ဆောက်လျက်ရှိကြောင်း။

နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်ပြည့်ဖွံ့ဖြိုးရေး၊ ဒေသတစ်ခုနှင့် တစ်ခု အကြား ဆူကြုံနိမ့်မြင့်ကွာဟမှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်ကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်းမျှတစွာဖွံ့ဖြိုးလာရေးတို့အတွက် ဖွံ့ဖြိုး ရေးဒေသကြီး ၂၄ခုတိုးချဲ့သတ်မှတ်ကာ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထူထောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအထူးစီမံကိန်း ချမှတ်ပြီး အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်လုပ်ငန်းများက များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ဘဏ် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုး အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် မြန်မာ့စီးပွားရေးဘဏ်များကို နိုင်ငံတော်၏ ငွေလုံးငွေရင်း အသုံးစရိတ်ပေါ် မူတည်ပြီး အဆောက်အအုံသစ်များကို ဆောက်လုပ် ဖွင့်လှစ်ပေးလျက်ရှိရာ ဂွဘဏ်ခွဲ အဆောက်အအုံသစ်ကို ယခုကဲ့သို့ သစ်လွင်ခံ့ညားစွာ ဖွင့်လှစ်နိုင်သည့်အတွက် မြန်မာ့စီးပွားရေးဘဏ်၏ ငွေကြေး ဆိုင်ရာလုပ်ငန်းရပ်များ အဆင်ပြေချောမွေ့ပြီး လုံခြုံစိတ်ချစွာ လုပ်ကိုင်နိုင်တော့ မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ အခြားပြည်နယ်၊တိုင်းများကို ဆက်စပ်ရာ တံခါးပေါက် သုံးပေါက်၌ပါဝင်သည့် ဂွ-ငါးသိုင်းချောင်းလမ်း ဆက်သွယ်ရေး တိုးတက် ကောင်းမွန်လာသည်နှင့်အမျှ ဂွမြို့နယ်၏ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်၍ ပြည်သူများအနေဖြင့် စီးပွားရေးကုန်သွယ်မှု လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အမျှ ငွေကြေးလည်ပတ်မှု လျင်မြန်ချောမွေ့စေရန် မြန်မာ့စီးပွားရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် မိမိအကျိုး၊ မိမိဒေသအကျိုး၊ နိုင်ငံ၏အကျိုးကို တိုးတက်စေမည်ဖြစ်ကြောင်းနှင့် ဘဏ်အဆောက်အအုံသစ် အစဉ်သန့်ရှင်း သပ်ရပ်နေစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ အနေဖြင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ လက်တွဲပြီး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ၌ တိုင်းရင်းသားလူမျိုးများအားလုံး ရေမြေချင်းဆက် တပေါင်းတစည်းတည်းဖြစ်လာစေရန်၊ လူနေမှုအဆင့် မြင့်မားလာစေရန် ယနေ့နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး စီမံဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက် ရေး ကြိုးပမ်းဖော်ဆောင်ရာတွင် အဓိကအရေးပါသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့တိုးတက်ကောင်းမွန်စေရေးအတွက် လမ်းသစ်၊ တံတားသစ်များကို တိုးချဲ့ဖောက်လုပ် တည်ဆောက်နေသကဲ့သို့ လမ်းဟောင်း၊ တံတားဟောင်း များကိုလည်း အဆင့်မြှင့်တင် ဖောက်လုပ်ပြုပြင်တည်ဆောက်ထိန်းသိမ်းခြင်း များကို နိုင်ငံအတွင်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံးအတွက် ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်း သာယာတိုးတက်ဖွံ့ဖြိုးစေရန် အခြေခံအဆောက်အအုံများစွာကိုလည်း တိုးမြှင့် တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

နိုင်ငံပိုင်ဘဏ်တစ်ခုဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ဘဏ် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များပြည့်စုံစေရန် ဖြည့်ဆည်းဆောင် ရွက်ပေးသည့်အနေဖြင့် ဒေသ၏ စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မား လာစေရန်အတွက် ဘဏ်အဆောက်အအုံသစ်များကို လိုအပ်သည့်ဒေသများ၌ ဆောက်လုပ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဘဏ်လုပ်ငန်းတွင် ဝန်ဆောင်မှုပထမဆိုသည့် ဆောင်ပုဒ်ကို ဝန်ထမ်း များက အမြဲဦးထိပ်ပန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်ဘဏ် အဆောက်အအုံ သစ် အစဉ်သန့်ရှင်းသပ်ရပ်အောင်၊ ရေရှည်တည်တံ့အောင် ဘဏ်ဝန်ထမ်း များက အလေးဂရုပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ်ဝန်ထမ်းများက လည်း ဘဏ်နှင့်ဆက်သွယ်လာသူပြည်သူများနှင့် ဘဏ်တို့ကြား ယုံကြည် စိတ်ချစွာ အပြန်အလှန်ဆက်ဆံမှုကို ခိုင်မြဲသည်ထက်ခိုင်မြဲစေရန် ပြည်သူ များ၏လိုအပ်ချက်ကို ဘဏ်လုပ်ငန်းနည်းစနစ်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းဘောင်အတွင်း တိကျမှန်ကန်မြန်ဆန်စွာဖြင့် ယဉ်ကျေးပျူငှာချိုသာ စွာ ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ မြို့အင်္ဂါရပ်နှင့်အညီ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား ကုန်ကျခံ ဆောက်လုပ်ထားသည့် ဤအဆောက် အအုံကို ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးများ ဖြစ်ကြသော ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဧည့်သည်တော်များသည် ဘဏ်ခွဲအဆောက်အအုံသစ် အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၂

ရွှေတိဂုံစေတီတော် ဗုဒ္ဓဟူးညနေ သန့်ရှင်းရေးအသင်းနှင့် အလှူရှင်များ စုပေါင်း၍ ဝါဆိုလပြည့်နေ့ နံနက် တွင် ရွှေတိဂုံစေတီတော်ရှိ ပတ္တမြား မျက်ရှင်၊ မုခ်လေးမုခ်ရှိဘုရားများနှင့် ဆုတောင်းပြည့် ဘုရားရှင် လေးဆူ တို့အား ရွှေကြာသင်္ကန်းများကပ်လှူ၍ ပင့်သံဃာ ၁၁ ပါးတို့အား ဝါဆို သင်္ကန်းများ ဆက်ကပ်လှူဒါန်းကာ ရေစက်ချမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်(၁၄)လမ်း အမှတ်(၁၈)နေ ဒေါ်ကျင်မြိုင်(မြိတ်)၏ ဇူလိုင် ၁၃ရက်တွင် ကျရောက်သော နှစ်(၉၀)မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ်ကိုးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၁၃၆၇ ခုနှစ်၊ဝါဆိုလဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာ အထူးပြု) (သင်္ချာ)**
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၀ ၅။ သီချင်းကြီးသရုပ်ဖော်အစီအစဉ်
- ၅:၁၀ ၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၂၅ ၇။ Discovery.
- ၅:၃၀ ၈။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆:၀၀ ၉။ သုတစုံလင်ရွှေဥဏ်ရှင်
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၇:၁၅ ၁၃။ တေးဂီတအစီအစဉ်
- ၇:၃၀ ၁၄။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၇:၄၅ ၁၅။ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့ (အပိုင်း-၄)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **၂၀၀၄ခုနှစ် ဒွါဒသမ အကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရာမာယဏ ဇာတ်တော်ကြီး) (စစ်ကိုင်းတိုင်း)(ဒုတိယပိုင်း)**
- ၂၀။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ယမိုက်၊ ပဌာန်း သင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်မြို့ ဆူးလေစေတီတော် ရင်ပြင်အနောက်မုခ်ရှိ အဘိဓမ္မာ ပြန့်ပွားရေးအသင်းတိုက်၌ အဘိဓမ္မာ (ညဝါ) ယမိုက်၊ ပဌာန်းသင်တန်း များကို ဇူလိုင် ၂၁ ရက်(ကြာသပတေး နေ့)မှ စတင်၍ (ဥပုသ်နေ့မှအပ) နေ့စဉ်ဓမ္မဒါန ဖွင့်လှစ်သင်ကြားပို့ချ မည်ဖြစ်ရာ ရဟန်းရှင်လူ မည်သူမဆို တက်ရောက်နာယူ သင်ကြားနိုင် ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၇-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန် ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ်** -ဗျည်းဆုံးနာမ်၊သင်္ချာနာမ်နှင့် နာမဝိသေသန (ပထမနှစ်-အရှေ့တိုင်းပညာ)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၁)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း-၂၇)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဇူလိုင် ၁၂ရက်က ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံတို့၏ သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်ရာ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chanthavi Bodhisane နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်မှု ဆန့်ကျင်တိုက်ဖျက်ရေးအတွက် အမျိုးသားအလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၂

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်မှုဆန့်ကျင် တိုက်ဖျက်ရေးအတွက် ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်းကြားပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နှင့် ယနေ့တို့တွင်ရန်ကုန်မြို့၌ ကျင်းပခဲ့ပြီး ယင်းအမျိုးသားအလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်(ခ်)ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် းယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်း ရေးမှူး ရဲမှူးကြီးခမ်းအောင်က ရှင်း လင်း ပြောကြားရာ၌ ပြည်ထဲရေး န်ကြီးဌာနမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဟိုအဖွဲ့လက်အောက်ရှိ ထိန်းချုပ် ာတုပစ္စည်းကြီးကြပ်ရေးကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်း ိုင်ရာရုံးတို့ ပူးပေါင်းကျင်းပသော အစိုးရအဖွဲ့အစည်းနှင့် ဓာတုပစ္စည်း က်မှုလုပ်ငန်းရှင်များအကြား တရား ဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု ိုက်ဖျက်ရာတွင် ပူးပေါင်းဆောင် ွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၀၅ နှစ် ဇူလိုင် ၁၁ရက် နှင့် ၁၂ရက်တို့ ွင် အောင်မြင်စွာ ကျင်းပပြီးစီး ခြင်းမှာ မြန်မာနိုင်ငံတွင် ဓာတုပစ္စည်း ိန်းချုပ်ရေးလုပ်ငန်း၏ထူးခြားသော မိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း။

တရားမဝင် မူးယစ်ဆေးဝါးများ ဖြစ်သည့် ဘိန်းဖြူ၊ စိတ်ကြွရူးသွပ် ဆေးပြား (ATS) အထူးသဖြင့် က်သ်အက်ဖက်တမင်းနှင့် အက် တာဆီ (MDMA) များ ထုတ်လုပ် ရာတွင် အရေးပါသည့် ဓာတုပစ္စည်း များ တရားမဝင် လမ်းကြောင်း ပြောင်းလဲမှုကို တားဆီးကာကွယ်ရန် အတွက် ဓာတုပစ္စည်းစက်မှုလုပ်ငန်း ှင်များက အစိုးရအဖွဲ့အစည်းနှင့် းပေါင်းဆောင်ရွက်ရန် ၎င်းတို့၏ တန္ဒအလျောက် သဘောတူခဲ့ကြ ကြောင်း။

မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် မူးယစ် ဟိုလုပ်ငန်းအဖွဲ့များကြီးကြပ်ကွပ်ကဲ ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးက အလုပ်ရုံ ဆွေးနွေးပွဲ၌ အမှာစကားပြောကြား ရာတွင် ဓာတုပစ္စည်းများကို ကုန် ထုတ်လုပ်ငန်းများတွင် နေ့စဉ်အသုံးပြု နိုင်သကဲ့သို့ အခြားတစ်ဖက်တွင် လည်း မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် အတွက် အဓိကအရေးပါသော ဓာတု ပစ္စည်းများကို နိုင်ငံတကာက ယခု ကဲ့သို့ ကြီးကြပ်ထိန်းချုပ်ရန်သတ်မှတ် ခဲ့ခြင်းဖြစ်ကြောင်း။

ထိုသို့ အဓိကအရေးပါသော ဓာတု ပစ္စည်းများကို သတ်မှတ်ထိန်းချုပ် ခြင်း၏ ရည်ရွယ်ချက်များမှာ ဓာတု ပစ္စည်းလုပ်ငန်းရှင်များက တရားဝင် တင်သွင်း သယ်ဆောင်ပြီး ကုန်ထုတ် လုပ်ငန်းများတွင် အသုံးပြုသည့် ဓာတု ပစ္စည်းများကို တရားမဝင်သည့် မူးယစ်ဆေးဝါး(သို့မဟုတ်) စိတ်ကို ပြောင်းလဲစေသည့် ဆေးဝါးများချက် လုပ်သည့်နေရာကို လမ်းကြောင်း ပြောင်းလဲ ရောက်ရှိမသွားအောင် ဝိုင်းဝန်းထိမ်းချုပ်သွားရန် တာဝန်ရှိ သကဲ့သို့ အသိတရားဖြင့် ဆောင် ရွက်ကြရန်ဖြစ်ကြောင်း။

ဤဆွေးနွေးပွဲတွင် တရားဝင် ကုန်သွယ်မှုပြုလုပ်သည့် အရေးပါ သော ဓာတုပစ္စည်းများကို တရားမဝင် လမ်းကြောင်းသို့ မရောက်ရှိရေး ကြိုတင်ကာကွယ်ရာတွင် အစိုးရအဖွဲ့ အစည်းနှင့် လုပ်ငန်းရှင်များ၏အကြား မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ကြရ မည်ဆိုသည့်အချက်ကို ဖော်ထုတ် ဆွေးနွေး အဖြေရှာရမည်ဖြစ်ကြောင်း စသည်ဖြင့် အဓိက အရေးပါသော ဓာတုပစ္စည်းများကို နိုင်ငံတကာမှ ကြီးကြပ်ထိန်းချုပ်ရခြင်း အကြောင်း ရင်းနှင့် အဆိုပါ ဓာတုပစ္စည်းများ လမ်းကြောင်း ပြောင်းလဲရောက်ရှိ မသွားရေး လုပ်ငန်းရှင်များနှင့် ဌာန ဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ချက်များကို ပြောကြားခဲ့ကြောင်း။

အလုပ်ရုံဆွေးနွေးပွဲသို့ဓာတုပစ္စည်း စက်မှုလုပ်ငန်းများ၊ ဆေးဝါးစက်ရုံ များနှင့် ဓာတုပစ္စည်းကုန်သွယ်ရောင်း ဝယ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများမှ အဆင့်မြင့် စီမံခန့်ခွဲသူများနှင့် တာဝန်ရှိသူများ၊ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီဝင်များ၊ လုပ်ငန်းဆက်စပ် သည့် အစိုးရဌာနများမှ တာဝန်ရှိ သူများ တက်ရောက်ကြကြောင်း။

အလုပ်ရုံဆွေးနွေးပွဲတွင် ထိန်းချုပ် ဓာတုပစ္စည်းများကို တရားဝင်ကုန် သွယ်မှု ပြုလုပ်ရာမှ တရားမဝင်လမ်း ကြောင်းသို့ ပြောင်းလဲရောက်ရှိခြင်း များသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာ အဖြစ် မှတ်သားမိပါကြောင်း၊ အရှေ့ အာရှဒေသတွင် စိတ်ကြွရူးသွပ်ဆေး ထုတ်လုပ်သည့် တရားမဝင် ဓာတ်ခွဲ ခန်းများကို တရုတ်၊ မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်နှင့် ဖီဂျီနိုင်ငံများတွင် ဖမ်းဆီးရမိမှုများ တွေ့ရှိရသဖြင့် စိတ်ကြွရူးသွပ်ဆေး(ATS)ထုတ်လုပ် ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတု ပစ္စည်းများ လမ်းကြောင်းပြောင်းလဲမှု ကို အထူးအာရုံစိုက်ရန်လိုအပ်ကြောင်း ကိုလည်း မှတ်သားမိကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၈ခုနှစ် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကွန် ဗင်းရှင်း၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့် အညီ ကျန်းမာရေး ဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ၂၅ မျိုးကို သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ထိန်းချုပ် ဓာတုပစ္စည်း ကြီးကြပ်ရေး ဆိုင်ရာ နည်းဥပဒေများကို ၂၀၀၄ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ကြောင်း။

ဓာတုပစ္စည်းများကို တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိသည့်အပြင် ဓာတု ပစ္စည်းစက်မှုလုပ်ငန်းနှင့် ဆေးဝါး စက်မှုလုပ်ငန်းများမှ တရားဝင် ကုန်သွယ်မှု ပြုလုပ်နေသဖြင့် မူးယစ် ဆေးဝါး သယ်ဆောင်ရောင်းဝယ် သူများက ကြိုတင်ကာကွယ်ရေး အစီ အမံများ ဆောင်ရွက်ထားခြင်းမရှိ သည့် အသိပညာနည်းသော ကုမ္ပဏီ၊ လုပ်ငန်းရှင်များထံမှ လိုအပ်သည့် ထိန်းချုပ်ဓာတုပစ္စည်းများ ရရှိရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းကြလိမ့် မည်ဆိုသည့် အချက်ကို လေးလေး နက်နက် စဉ်းစားသုံးသပ်ရမည်ဖြစ် ကြောင်း။

ယင်းသို့ စဉ်းစားသုံးသပ်ခြင်းဖြင့် ဓာတုပစ္စည်းများ လမ်းကြောင်း ပြောင်းလဲ သယ်ဆောင်တတ်ကြောင်း နားလည်သဘောပေါက်မှုကို တိုးမြှင့် ရန် လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့ အစည်းကြား ပူးပေါင်းဆောင်ရွက်မှု သည် အလွန်အရေးကြီးကြောင်း။

စက်မှုလုပ်ငန်းရှင်နှင့် အစိုးရအဖွဲ့ အစည်းတို့သည် ထိန်းချုပ်ဓာတုပစ္စည်း လမ်းကြောင်းပြောင်းလဲမှုကိုကာကွယ် တားဆီးရန် ကြိုးပမ်းဆောင်ရွက် ရေးအပေါ် UNODC က ခြုံငုံလေ့လာ ခဲ့ကြောင်း၊ ထိုသို့လေ့လာပြီးနောက် တရားမဝင် မူးယစ်ဆေးဝါး ထုတ် လုပ်ခြင်းကို တားဆီးနှိမ်နင်းရေးတွင် ဓာတုပစ္စည်းစက်မှုလုပ်ငန်းရှင်များ၏ အရေးပါမှုကို အသိပညာပေးရေး ဗီဒီယိုသင်တန်းအစီအစဉ်ကိုအကောင် အထည်ဖော်ခဲ့ကြောင်း၊ အဆိုပါ ဒီဗီဒီ သည် အသက်ဝင်သည့် လှုပ်ရှားရုပ်ပုံ များ၊ နောက်ခံစကားပြောနှင့် ပြကွက်

များ၊ အသံအထူးပြုလုပ်ချက်များဖြင့် အရည်အသွေးမြင့်မြင့် ထုတ်လုပ်ခဲ့ ကြောင်း၊ ၎င်းအစီအစဉ်တွင်သင်ကြား မှု အထောက်အကူပြုပစ္စည်း ဖြစ် သည့် လက်ကိုင်စာအုပ်လည်း ပါဝင် ကြောင်း၊ UNODCသည် ဒီဗီဒီနှင့် လက်ကိုင်စာအုပ်များကို ထောက်ပံ့ ပေးခဲ့ကြောင်း၊ ထို့ကြောင့် ၎င်းဒီဗီဒီ သင်တန်းကိုဆီလျော်သည့်ဌာနဆိုင်ရာ နှင့် ကုမ္ပဏီ ဝန်ထမ်းများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များအား သင်တန်းပေး ခြင်းဖြင့် ဓာတုပစ္စည်း လုပ်ငန်းရှင် များ၏ အသိပညာ တိုးပွားလာ မည်ဖြစ်ကြောင်း။

ဇူလိုင် ၁၁ရက်နှင့် ၁၂ရက်နေ့ များတွင် အောင်မြင်စွာ ကျင်းပပြီးစီး ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၌ ဓာတု ပစ္စည်း လုပ်ငန်းရှင်များနှင့် အစိုးရ အဖွဲ့အစည်းတို့ ပူးပေါင်း၍ တရား မဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တိုက်ဖျက်ရာ၌ ဆောင်ရွက်ရမည့် အောက်ပါ အရေးကြီးလုပ်ငန်းများကို သဘောတူ မူကြမ်းရေးဆွဲနိုင်ခဲ့ကြ ကြောင်း။

၎င်းတို့မှာ–

(က) ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ် ရေးဆိုင်ရာ အမျိုးသားပူးပေါင်း ဆောင်ရွက်မှုကော်မတီ ဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ခ) ဓာတုပစ္စည်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ထိန်းချုပ်ဓာတု ပစ္စည်းများ လမ်းကြောင်း ပြောင်းလဲမှုကို ကာကွယ် တားဆီးရန် ကြိုးပမ်းရာတွင် မိမိတို့လုပ်ငန်း/ကုမ္ပဏီ တစ်ခု ချင်းအလိုက် စည်းမျဉ်းစည်း ကမ်း (Code of Conduct)

များ ရေးဆွဲရန်အခြေခံ (မူကြမ်း)ကို ရေးဆွဲအတ ခြင်း၊

(ဂ) တရားမဝင် မူးယစ်ဆေ ထုတ်လုပ်မှု တားဆီးနှိ ရေးတွင် ဓာတုပစ္စည်း လုပ်ငန်းရှင်များ၏ အရေ ကို အသိပညာပေးရေး I သင်တန်း အစီအစ ကုမ္ပဏီလုပ်ငန်းရှင်များ မှ စီမံချက်ရေးဆွဲ အ အထည်ဖော်ရန် သဘော ခြင်းတို့ ဖြစ်ကြောင်းဖြ လင်း ပြောကြားသည်။

ထို့နောက်သတင်းစာဆရာမ မေးမြန်းချက်များကို တာဝန်ရှိ က ပြန်လည် ဖြေကြားကြပြီး သ စာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်

(သတင်

ဗုဒ္ဓသာသနာသမိုင်းစာအုပ် ဖြန့်ချိရောင်းချ

ရန်ကုန် ဇူလိုင် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဗုဒ္ဓသာသနာသမိုင်းကို ခြေခြေမြစ်မြစ် သိလိုသူများအတွက် ဆားလင်းကြီးမြို့ တောင်ပေါ်ကျောင်းဆရာတော် အရှင်အာဒိစ္စဝံသ ရေးသား ပြုစုသည့် **“ဗုဒ္ဓသာသနာသမိုင်း”** စာအုပ်ကို ဖြန့်ချိရောင်းချပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် အကြောင်းအရာ မာတိကာပုဒ်ပေါင်း ၁၄၄ ခု ပါရှိပြီး မြန်မာပြည် သာသနာဝင်တွင် မင်းဆက် ရှစ်ဆက်ကြာအောင် ကွဲပြားခဲ့သော အတင်ဂိုဏ်း အရုံဂိုဏ်းတို့နှင့်စပ်သည့် သိမှတ်ဖွယ်ရာများကို ပေမူအထောက်အထားများဖြင့် ထူးထူးခြားခြား ထုတ်ဖော်ရေးသားထားသည်။ ထို့ပြင် သာသနာဝင်များတွင် မဖော်ပြဖူးသေးသော ဘိုးတော်မင်းတရားထံ တင်သွင်းသည့် ဆုံထားဆရာတော်၏ မေတ္တာစာကိုပါ ဖော်ပြထားသည်။

ဗုဒ္ဓသာသနာသမိုင်း စာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ မန္တလေးမြို့တွင် ရတနာပုံဈေးသစ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။(သတင်းစဉ်)

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်ရှိ ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး ကော်မတီနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး တရားမဝင်ထုတ်လုပ်မှု ဆန့်ကျင် တိုက်ဖျက်ရေးအတွက် ဓာတုပစ္စည်းလုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့အစည်း ကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာပတ်(ခ်)ရှိုင်ရယ်ဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ကံ့ကော်မြိုင်သာသနာ့ရိပ် ဝါဆိုသင်္ကန်းကပ်လှူမ

ရန်ကုန် ဇူလိုင် ၁၂

သဃ်န်းကျွန်းမြို့နယ် ၉/ ရပ်ကွက်၊ ကံ့ကော်မြိုင် သာ ရိပ်သာစာသင်တိုက်၏ (၁၅ မြောက် ဝါဆိုသင်္ကန်း ကပ်လှ ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည် ဆက်ကပ်လှူဒါန်းကြပါရန် ဝေ အဖွဲ့မှ နိုးဆော်ထားသည်။ (က

ဝါဆိုသင်္ကန်းကပ်လှူမ

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တိုင်းတာမွေမြို့နယ် ကလေးရပ်ကွက်၊ ပင်ရွှေညောင် အောင်မြေဗောဓိမွေ့ရိပ်သာ အလို ပြည့်ကျောင်းတိုက်၌ ဝါဆို တော်မူကြကုန်သော သံဃာ အရှင်သူမြတ်တို့အား ဇူလိုင် ၁ (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် သင်္ကန်း ဆက်ကပ်လှူဒါန်းမ သည်။ (က

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင် ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇူလိုင်လ (၁၂)ရက်နေ့အထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၂၁၇၀၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ရုပ်သေးအစိုးရများတင်ပေးရန် စီမံနေသည့် နယ်ချဲ့လက်သစ်ဝါဒီများက မိမိတို့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်နေ

✡ **ထိပ်တိုက်ရင်ဆိုင်မှ**

အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ငွန်ပဲင်းက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဒေါ့လဲ့ပါရဲကဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားကို ချင်းတိုင်းရင်းသူလေးများက **“မြန်မာအမျိုးသမီးများစွမ်းပကား”** သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ယင်းနောက် သဘာပတိ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို ပြန်လည်သုံးသပ်ကြည့်လျှင် ပုံတောင်ပုံညာကျောက်ဖြစ်ရုပ်ကြွင်းသက်သေ အထောက်အထား၊ ကျောက်ခေတ်သက်သေအထောက်အထား၊ တကောင်းခေတ်မှသည်ရတနာပုံအထိ ရှည်လျားလှသည့် သမိုင်းကြောင်းတစ်လျှောက်ကိုယ့်ထီး၊ ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့်နေခဲ့သည့် အထောက်အထားများအရ မြန်မာတိုင်းရင်းသားတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သောလူမျိုးဖြစ်ကြောင်းအခိုင်အမာ တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ၊ သစ်တော၊ ကျောက်သံ၊ စပါးကောက်နှံ၊ သယံဇာတ အစုံကြွယ်ဝသော နိုင်ငံဖြစ်သကဲ့သို့ ဇာတိပုညဂုဏ်မာနကို မြန်မာအမျိုးသား၊ အမျိုးသမီးတို့ဘိုးစဉ်ဘောင်ဆက် မြတ်နိုးဂုဏ်ယူ ထိန်းသိမ်းခဲ့ခြင်းသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ခိုင်မာခဲ့၍ပင်ဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

မော်ကွန်းတင်

ကမ္ဘာ့အနောက်ခြမ်းမှ အရင်းရှင်နယ်ချဲ့သမားများသည် ကမ္ဘာ့အနှံ့ဖြန့်ကြက်ပြီး သယံဇာတ နေ့ဥစ္စာများ လုယက်ရန် ကျူးကျော် ကျွန်ပြုမှုများကို ၁၈/၁၉ ရာစုကာလတွင် လုပ်ဆောင်ခဲ့ကြကြောင်း၊ ဤကျူးကျော်ကျွန်ပြုခံရသည့် နိုင်ငံများထဲတွင် မိမိတို့မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ကြောင်း၊ နယ်ချဲ့ဗြိတိသျှတို့၏ ကျူးကျော်စစ်ပွဲသုံးကြိမ်တွင် မြန်မာတိုင်းရင်းသားများ၏ ဂုဏ်ရောင်ပြောင်သည့် ခုခံတွန်းလှန်ရေး တိုက်ပွဲများသည်လည်း သမိုင်းစဉ်တွင် အထင်ကရ မော်ကွန်းတင်လျက်ရှိကြောင်း။

ဤနယ်ချဲ့တွန်းလှန်ရေးစစ်ပွဲများတွင် မြန်မာတိုင်းရင်းသူအမျိုးသမီးများသည် စွမ်းဆောင်နိုင်သည့်နေရာကဏ္ဍမှနေပြီး အမျိုးသားများနှင့် တန်းတူပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ ဥပမာပြရလျှင် ဝက်ထီးကန်တိုက်ပွဲတွင် ရှမ်းအမျိုးသမီးများ၏ ရှုပ်ရှုပ်ချွံချွံ အသက်စွန့်တိုက်ခိုက်မှု၊ ၁၈၈၇ခုနှစ်နှောင်းပိုင်း ချင်းတောင်ခြေဒေသကို ကျူးကျော်လာသည့် နယ်ချဲ့ဗြိတိသျှတပ်ကို ခုခံတိုက်ခဲ့သည့်စစ်ပွဲတွင် ချင်းအမျိုးသမီးရှစ်ဦး၏ ရဲရင့်စွန့်စားတိုက်ခိုက်မှုများသည် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်အရင်းခံပြီး မြန်မာအမျိုးသမီးများ၏ဂုဏ်ရောင်ကို ထွန်းပြောင်စေရန် သမိုင်းမှတ်တိုင်များပင်ဖြစ်ကြောင်း၊ အလားတူပင် ၁၃၀၀ပြည့် အရေးတော်ပုံမှသည် လွတ်လပ်ရေး ကြိုးပမ်းမှုတိုက်ပွဲ အဆင့်ဆင့်တွင်လည်း မြန်မာတိုင်းရင်းသူအမျိုးသမီးများသည် အသက်ကို ပဓာနမထားဘဲ အမျိုးသားများနှင့် ယှဉ်တွဲတိုက်ပွဲဝင်ခဲ့ကြသည့် သမိုင်းဖြစ်စဉ်များ အထင်ကရတည်ရှိနေကြောင်း။

ယခုကဲ့သို့ လက်နက်စွဲကိုင် တိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသမီးသူရဲကောင်းများ ခေတ်အလိုက် ပေါ်ထွန်းခဲ့သလို ကလောင်စွဲကိုင်လျက်နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲဝင်ခဲ့ကြသည့် မျိုးချစ်အမျိုးသမီးစာရေးဆရာမကြီးများလည်း ခေတ်အလိုက် ပေါ်ထွန်းခဲ့ကြောင်း၊ ထိုကလောင်ရှင်များသည်လည်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ သူ့ကျွန်ဘဝက လွတ်မြောက်ရေးအတွက် စာပေဆောင်းပါးများ ရေးသားလှုံ့ဆော် တိုက်ပွဲဝင်ခဲ့ကြကြောင်း။

မျက်မှောက်ခေတ်ကာလတွင်လည်း မြန်မာအမျိုးသမီးအသိပညာရှင်၊ အတတ်ပညာရှင်များသည် နိုင်ငံ့တာဝန်ကို ကျရာကဏ္ဍမှထမ်းဆောင်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆရာဝန်အသင်း၏ အမျိုးသမီးဆရာဝန်များအဖွဲ့၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းစသည့် အသင်းအဖွဲ့အစည်းများတွင် တက်ကြွစွာထမ်းဆောင်နေကြသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်ကိုအထင်အရှားတွေ့ရှိကြရမှာဖြစ်ကြောင်း။

အားလုံးအသိ

အထူးသဖြင့် နိုင်ငံတကာနယ်ပယ်တွင် လူမျိုး၊ အသားအရောင်နှင့် အဆင့်အတန်း ခွဲခြားမှုများကြောင့် ကမ္ဘာ့အမျိုးသမီးထုကြီးတစ်ရပ်လုံးက ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်းစသည့် လူမှုအခွင့်အရေးများကို အမျိုးသားများနှင့် တန်းတူရနိုင်ရန် တောင်းဆိုနေကြချိန်တွင် မြန်မာတိုင်းရင်းသူ အမျိုးသမီးများအတွက် ထိုရပိုင်ခွင့်များသည် တောင်းဆိုရန်မလိုသော မွေးရာပါလူ့အခွင့်အရေးအဖြစ် အပြည့်အဝရရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု အမိမြေတွင်မွေးပြီး မြန်မာသွေးအစစ်ဖြင့် ကြီးပြင်းရှင်သန်လာခဲ့ကြသည့်၊ နိုင်ငံအကျိုးကို ဆောင်ကာ ဂုဏ်ရောင်ထွန်းပြောင်ခဲ့ကြသည့် မျိုးချစ်မြန်မာအမျိုးသမီးများအားလုံးကို ဂုဏ်ပြုသည့်အနေဖြင့် **“မြန်မာအမျိုးသမီးများနေ့”**ဆိုသည့် သမိုင်းတွင်မည့်နေ့တစ်နေ့ကို ရွေးချယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤနေ့မှာ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ စွမ်းအားစုကြီးကို ပေါင်းစည်းဦးဆောင်မှုပေးခဲ့သည့် **“မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ”**ကို စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ရက်နေ့ပင် ဖြစ်ကြောင်း။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ပိုမိုကျယ်ပြန့်သောလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် **“မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်”**အဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံရပ်တည်ချက်မှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးများကဏ္ဍမှနေ၍ အမျိုးသားရေးအင်အားစုတစ်ရပ်အဖြစ် ပါဝင်ထမ်းရွက်ရေးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ကွန်ပျူတာသင်တန်းများ၊ နက္ခတ္တဗေဒသင်တန်းများ၊ စာရင်းကိုင်သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း စသည်များ ဖွင့်လှစ်ပို့ချခြင်း၊ ယဉ်ကျေးမှုထိန်းသိမ်းရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ဆင်းရဲသော ကလေးသူငယ်များအား ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအဖြစ် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်ထိန်းသိမ်းခြင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်းစသည့် နိုင်ငံအကျိုးပြု၊အမျိုးသမီးထုအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤလုပ်ငန်းစဉ် များကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာတိုင်းရင်းသူ အမျိုးသမီးထုကြီး၏ အင်အားကို အခြေခံပြီး မှန်ကန်သောအမျိုးသားရေး ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများသည် နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အင်အားစုတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ခြင်းနှင့်အတူ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိနေပါကြောင်း။

အသံကုန်ဟစ်

ယခုဇွန်လဆန်းရက်ပိုင်းများတွင် VOA, BBC. RFA စသည့် ပြည်ပအသံလွှင့်ဌာနများက ကြိုတင်လှုံ့ဆော်နှတ်ကြောင်းများပေးပြီး ဒေါ်စုကြည်၏ ဇွန်လ ၁၉ရက်နေ့တွင် ကျရောက်သည့် မွေးနေ့အခမ်းအနားများကို အမေရိကန်နှင့် ဥရောပနိုင်ငံအချို့၌ကျင်းပခဲ့သည်ဟု ကြားသိခဲ့ရကြောင်း၊ ယင်း မွေးနေ့ပွဲကို ခုတုံးလုပ်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်ကြရန်တောင်းဆိုမှုမျိုးစုံကို အသံကုန်ဟစ်ကာ မိမိတို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခဲ့ကြကြောင်း၊ ဒီထက်ပိုဆိုးသည့်လုပ်ရပ်မှာ ထိုအမျိုးသမီး၏ မွေးနေ့ဇွန်လ ၁၉ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် တလွဲတချော် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံ၌ လူဦးရေ ၅၄သန်းကျော်ရှိရာ ထက်ဝက်ကျော်ဖြစ်သည့် ၂၇သန်းကျော်သည့် အမျိုးသမီးအင်အားစုကြီးဖြစ်ကြောင်း၊ ဤအင်အားစုကြီးကို အခြေမခံဘဲ မျက်ကွယ်ပြုကာ လူပုဂ္ဂိုလ်တစ်ဦး၊ တစ်ယောက်၏ မွေးနေ့ကို အမှီမ်းတင်ပြီး မြန်မာအမျိုးသမီးများနေ့ဟူ၍ မဆီမဆိုင် သတ်မှတ်ခြင်းသည် ဒီမိုကရေစီနည်းလမ်းများနှင့် လုံးဝမကိုက်ညီမှုမရှိကြောင်း ပြောကြားလိုကြောင်း။

ထိုအမျိုးသမီး မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်အကျဉ်းကို ပြန်လည်သုံးသပ်တင်ပြလိုပါကြောင်း၊ ဒေါ်စုကြည်သည် မြန်မာစစ်စစ် မိကောင်းဖခင်များမှ မွေးဖွားခဲ့သူဖြစ်ကြောင်း၊ သို့ရာတွင် နိုင်ငံခြား၌ နှစ်ပေါင်း၃၀ကျော်နေထိုင်ခဲ့ပြီး မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၂၃နှစ်တိုင်အောင် ကျွန်ပြုခဲ့သည့် အင်္ဂလိပ်လူမျိုး မိုက်ကယ်အဲရစ်နှင့် လက်ထပ်ခဲ့ကြောင်း၊ မိခင်ကြီးမကျန်းမာသည်ကို ကြည့်ရှုရန် ၁၉၈၈ခုနှစ်၌ ယခင်အစိုးရ၏ ဆောင်ရွက်မှုဖြင့် ခေတ္တပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ အရေးအခင်းကာလဆိုးကြီးနှင့် ကြုံကြိုက်စဉ် အနောက်အုပ်စုနှင့် ဗကပယူကျီများက ၎င်းအမျိုးသမီးကို ယာယီခေါင်းဆောင်အဖြစ် ဗန်းပြ၍ နိုင်ငံရေး စင်မြင့်ပေါ်တွန်းတင်ခဲ့ကြကြောင်း၊ ထိုအချိန်ကစပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော် ပျက်စီးပြိုကွဲရေးလုပ်ငန်းစဉ်များကို ဆက်တိုက်ပြုလုပ်လာခဲ့သူဖြစ်ကြောင်း။

ယင်းအမျိုးသမီးနှင့် ၎င်း၏ နောက်လိုက်များသည် အနောက်အုပ်စုနှင့် ပူးပေါင်းကာ နိုင်ငံတော်ပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲအောင်၊ လယ်သမား၊ အလုပ်သမား၊ ဝန်ထမ်းများ ဆူပူအောင်၊ ဘာသာရေး ပဋိပက္ခဖြစ်ပေါ်အောင် အကွက်ကျကျ ဖန်တီးလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

ထိုအမျိုးသမီး၏စနက်ကြောင့် ယနေ့မျက်မှောက်ကာလတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဗိုလ်ကျစိုးမိုးခြယ်လှယ်ပြီး ဩဇာခံ၊ လက်ဝေခံ ရုပ်သေးအစိုးရများတင်ပေးရန် စီမံနေသည့် နယ်ချဲ့လက်သစ်ဝါဒီများက မိမိတို့ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ပိုင်စိုးပိုင်နင်း ဝင်ရောက်စွက်ဖက်နေခြင်းပင်ဖြစ်ကြောင်း။

ထိုအမျိုးသမီးကလည်း ပြည်ပစွက်ဖက်မှုများကို အားကိုးကာ နိုင်ငံတော်အစိုးရဆန့်ကျင်ရေး၊ တရားဥပဒေချိုးဖောက်ရေး၊ ပြစ်မှုကျူးလွန်ရေး၊ မင်းမဲ့စရိုက်ထပ်မံပေါ်ပေါက်ရေးနှင့် နိုင်ငံနှင့်လူမျိုး အလုံးစုံပျက်သုဉ်းရေးကိစ္စများကို ဦးဆောင်စည်းရုံး သိမ်းသွင်းလှုံ့ဆော်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ စီးပွားရေးကျဆင်းပြီး ဖရိုဖရဲ ပြိုကွဲသွားစေရန်အတွက် ထိုအမျိုးသမီးနှင့် ၎င်း၏နောက်လိုက်တစ်စု၏ လုပ်ရပ်ကို ဆန်းစစ်ကြည့်လျှင် မြန်မာနိုင်ငံ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုများမပြုလုပ်ကြရန်၊ အာဆီယံအဖွဲ့က မြန်မာနိုင်ငံကို တင်းပြည့်အဖွဲ့ဝင်နိုင်ငံအဖြစ်လက်မခံရန်၊ ၁၉၉၆ မြန်မာ့ခရီးသွားနှစ်တွင် ကမ္ဘာလှည့်ခရီးသည်များနှင့် နိုင်ငံခြားသားများ မလာရောက်ကြရန်၊ နိုင်ငံရေး၊ စီးပွားရေး၊ ပိတ်ဆို့မှုများကို ဥရောပဘုံဈေးအဖွဲ့ကပါ စဉ်ဆက်မပြတ် လုပ်ဆောင်ရန်၊ မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရက ချမှတ်ခဲ့သည့် အရေးယူပိတ်ဆို့မှုများကဲ့သို့ အာဆီယံနိုင်ငံများ အပါအဝင် ကျန်ကမ္ဘာ့နိုင်ငံများကလည်း ဝိုင်းဝန်းပိတ်ဆို့ကြရန် စသည်ဖြင့် အမျိုးမျိုးတောင်းဆို တိုက်တွန်းနေသည်ကို တွေ့ရှိကြရမှာဖြစ်ကြောင်း။

ထိုအမျိုးသမီးနှင့် နောက်လိုက်တစ်စုသည် ပြည်ထောင်စုပြိုကွဲရေးလုပ်ရပ်များကိုလည်း ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း၊ ၁၉၉၅ခုနှစ် ဇူလိုင်လက တိုင်းရင်းသားမျိုးနွယ်စုအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး အခြေခံဥပဒေသစ်ရေးဆွဲရန်ညှိနှိုင်းရာတွင် ဘာသာရေးကို အခြေခံကာ လူမျိုးစုတစ်စု ထူထောင်ခွင့်ပြုရေးတောင်းဆိုရန်၊ လူမျိုးစုများ အများစုနေထိုင်ရာဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြုရေးတောင်းဆိုရန်၊ လူမျိုးအသစ်၊ ပြည်နယ်အသစ်များ တောင်းဆိုရန် စသည်တို့ကို လှုံ့ဆော်ပြောကြားခဲ့ကြောင်း သိရှိရပါကြောင်း။

NLD ပါတီသည် ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ စေလွှတ်တက်ရောက်ခဲ့ရာမှ ၁၉၉၅ခုနှစ် နိုဝင်ဘာလ ၁၉ရက်နေ့တွင် အမျိုးသမီး၏ တစ်ချက်လွှတ်အမိန့်ဖြင့် NLD ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကို ကျောခိုင်းထွက်ခွာ သွားခဲ့ကြကြောင်း၊ ၎င်းတို့၏ ရည်ရွယ်ချက်မှာ အမျိုးသားညီလာခံ၌ ရရှိပြီးဖြစ်သည့် အောင်မြင်မှုများနှင့် ညီလာခံပျက်ပြားရေးဖြစ်ကြောင်း၊ အမျိုးသားညီလာခံပျက်ပြားသွားသည်နှင့် NLD က စိတ်ကြိုက်ခြယ်လှယ်လွှမ်းမိုးနိုင်သည့် အကြိုညီလာခံတစ်ရပ်ကို အစားထိုးကျင်းပသွားနိုင်အောင် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်ကြောင်း၊ ယင်းသီးခြားညီလာခံ၌ လူမျိုးအသစ်၊ ပြည်နယ်အသစ်များ တည်ထောင်ဖွဲ့စည်းရေး၊ ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားရန်စီမံထားရာ ယင်းလုပ်ရပ်များသည် ပြည်ထောင်စုပြိုကွဲရေးကို ရှေးရှုနေသည်မှာထင်ရှားလှကြောင်း၊ ထိုအမျိုးသမီးနှင့် NLDသည် ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းတွင်လည်းကောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင်လည်းကောင်း အစဉ်အလာ မရှိခဲ့ဖူးသော ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်ဖြင့် တိုင်းပြည်နှင့် လူမျိုးသိက္ခာကျအောင်၊ စီးပွားရေး၊ လူမှုရေးဒုက္ခရောက်အောင်၊ ပြည်သူများ အကျပ်အတည်းတွေ့အောင် တစိုက်မတ်မတ်လုပ်ဆောင်နေကြောင်း၊ တိုင်းပြည်နှင့် လူမျိုးကို မည်သို့မျှ အကျိုးမပြုသည့် လွဲမှားသောလုပ်ရပ်များကို ရပ်တန်းကရပ်သင့်ပြီဟု ပြောကြားလိုက်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးရှိမည်သည့်နိုင်ငံရေးသမားမဆို ပါတီ၊ အဖွဲ့အစည်းအလိုက်ဝါဒရေးရာ၊ လမ်းစဉ်ပိုင်းဆိုင်ရာများကိုသာ ပါတီအချင်းချင်း အတိုက်အခံလုပ်လေ့ရှိကြကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကိုထိပါးသည့် ပါတီအဖွဲ့အစည်းကိုသာ အတိုက်အခံပြုကြကြောင်း၊ တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်သည့်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် အရေးကိစ္စရပ်များနှင့် ကြုံကြိုက်သည့်အခါ ပါတီအဖွဲ့အစည်းများသည် အချင်းချင်း ပူးပေါင်းဖြေရှင်းဆောင်ရွက်လေ့ရှိကြကြောင်း၊ ထိုအမျိုးသမီးနှင့် NLDကမူ ဤသို့မဟုတ်ကြောင်း၊ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းပြည်အကျိုးယုတ်အောင်၊ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအကျပ်အတည်း တွေ့အောင်သာ လုပ်ဆောင်နေကြောင်း။

ယင်းသို့ တိုင်းဆူပြည်ဖျက် လုပ်ဆောင်ချက်များကို အားပေးအားမြှောက်ပြုသည့်အနေဖြင့်အနောက်အုပ်စုနိုင်ငံကြီးအချို့က ထိုအမျိုးသမီး၏ မွေးနေ့ကိုပင် မြန်မာအမျိုးသမီးများနေ့ဟု ဆရာကြီးလုပ်ပြီး သတ်မှတ်ခဲ့ခြင်းကို နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐

❐ စာမျက်နှာ ၁၀ မှ
ကြီးမားသော မြန်မာအမျိုးသမီးအားလုံး၏ ကိုယ်စား ပြင်းထန်စွာဆန့်ကျင်ရှုတ်ချလိုက်ကြောင်း ဤအခမ်းအနားမှနေ၍ အလေးအနက်ကြေညာလိုက်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးများဘဝဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ မြန်မာအမျိုးသမီးများရသင့်ရထိုက်သော အခွင့်အရေးများကို နိုင်ငံတော်က ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း။

မြန်မာ့ဓလေ့တွင် အမျိုးသမီးများကို ငယ်စဉ်အချိန်တွင် မိဘနှစ်ပါးက ထိန်းသိမ်းစောင့်ရှောက်ပေးပြီး ကြီးပြင်းလာသောအခါ မောင်ဖားများက စောင့်ရှောက်ပေးကြကြောင်း၊ အိမ်ထောင်ရှင် ဖြစ်လာချိန်တွင် ယင်းတို့၏ ခင်ပွန်းသည်များကစောင့်ရှောက်ပေးကြပြန်ကြောင်း၊ ထို့အတူ အိုမင်းမစွမ်းရှိလာချိန်တွင် သားသမီးများက တစ်ဖန်ပြန်၍ စောင့်ရှောက်ပေးကြကြောင်း၊ ဤသည်မှာ မြတ်နိုးဖွယ်ရာ မြန်မာ့ဓလေ့ပင်ဖြစ်ကြောင်း။

မိသားစုဟူသည်နိုင်ငံတစ်နိုင်ငံ၏ အသေးဆုံးအဖွဲ့အစည်းဖြစ်ပြီးမိသားစုတစ်စုတွင် ဖခင်ဖြစ်သူကို Head of a Family ဟူ၍လည်းကောင်း၊ မိခင်ဖြစ်သူကို Heart of a Family ဟူ၍လည်းကောင်းဆိုထားပေရာ မိသားစုနှလုံးသားနှင့်တူသောမိခင်ကောင်း မိခင်လောင်းများဖြစ်သည့် မြန်မာအမျိုးသမီးများသည် မြန်မာ့လူဘောင်အတွင်း အဓိကကျသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိကြောင်း။

ထို့ကြောင့်မြန်မာအမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်နိုင်ငံတော်က ထိရောက်စွာကူညီပံ့ပိုးဖော်ဆောင်ပေးလျက်ရှိရာ မြန်မာအမျိုးသမီးထုကြီး တစ်ရပ်လုံးကလည်း နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များအောင်မြင်ရေး အတွက်လည်းကောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အင်တိုက်အားတိုက်ပါဝင်ပူးပေါင်းထမ်းဆောင်သွားကြရန် တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဟားခါးမြို့နယ်မှ ဒေါ်တီလ်လင်းပါလ်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တီလ်လင်းပါလ်က မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကားပြောကြားရာတွင် မိမိအနေဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း၊ အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်ချက်များကိုတင်ပြလိုကြောင်း။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ သဘာပတိအဖွဲ့ဝင်များကိုတွေ့ရစဉ်။ (သတင်းစဉ်)

မိမိတို့လုပ်ငန်းအဖွဲ့အနေဖြင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာပေးဟောပြောပွဲနှင့်ဥပဒေများရှင်းလင်းပွဲ အခမ်းအနားများကျင်းပခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးဌာနများဖွင့်လှစ်ခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုဆိုင်ရာတိုင်စာများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများရှိသကဲ့သို့ ညှိနှိုင်းဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်းလုပ်ဆောင်လျက်ရှိကြောင်း၊ ချင်းပြည်နယ်အနေဖြင့် အမျိုးသမီးများအားအကြမ်းဖက်မှုမှုခင်းမှာ အရေအတွက်အားဖြင့် အလွန်နည်းပါးကြောင်း၊ တစ်ဆက်တစ်စပ်တည်းမှာပင် ချင်းပြည်နယ်အတွင်း လူမှောင်ခိုကုန်ကူးမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ လုံးဝမရှိကြောင်းတင်ပြလိုကြောင်း။

ကြိုတင်ကာကွယ်သည့်အနေဖြင့် လူမှောင်ခိုကုန်ကူးမှုတားဆီးရေးဆိုင်ရာ ဟောပြောပွဲများကျင်းပခဲ့ပြီး ယင်းအမှုများ ဖြစ်ပေါ်မလာအောင် တားဆီးကာကွယ်လျက်ရှိကြောင်း။

ထို့အတူ ချင်းပြည်နယ်အတွင်း၌ ဘိန်းစိုက်ပျိုးမှုမရှိသော်လည်း အိမ်နီးချင်းနိုင်ငံများမှတဆင့် ငုံဆေး၊ဖင်ဆီဒိုင်းဆေးရည်၊ချောင်းဆိုးပျောက်ဆေး ဝင်ရောက်မှုများရှိခြင်းကြောင့်လည်းကောင်း၊ လူမှောင်ခိုကုန်ကူးမှုနှင့်လည်း ဆက်စပ်လျက်ရှိသည့်အတွက်ကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုကြောင်း။

မိမိတို့ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် လူမှုရေးအခက်အခဲကြုံတွေ့နေရသော အမျိုးသမီးများအား နှစ်သိမ့်ဆွေးနွေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမျိုးသမီးများဝင်ငွေတိုးစေရေးအတွက် လုပ်ငန်းများရှာဖွေခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်း ပေးခြင်းများကိုလည်း လုပ်ဆောင်ပေးနေကြောင်း။

အမျိုးသမီးငယ်များ လုပ်ငန်းအဖွဲ့က အမျိုးသမီးငယ်များအနေဖြင့် လွဲမှားသောအယူအဆများ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးဟောပြောခြင်း၊ အသိဉာဏ်များဖွံ့ဖြိုးရေးသင်တန်းများပေးခြင်း၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားနေစေရန်နှင့် ရိုးရာယဉ်ကျေးမှုမြတ်နိုးတတ်စေရန် ဟောပြောပွဲများကျင်းပခြင်း၊အေရိုးဗစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်စသည့် အားကစားလှုပ်ရှားမှုသင်တန်းများဖွင့်လှစ်ပေးခြင်းတို့ကိုလည်း အဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမျိုးသမီးများအား အကြမ်းဖက်မှုသည် အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုနှောင့်နှေးစေသည့်အတွက် အကြမ်းဖက်မှု မှကာကွယ်ရေးလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆောင်ရွက်မှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များက တက်တက်ကြွကြွပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်း နိုင်ရေးဆောင်ရွက်လျက်ရှိရာ မူကြမ်းအဆင့်အထိ ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရပါကြောင်း၊ မကြာမီဥပဒေပြုပြဋ္ဌာန်းနိုင်တော့မည်ဖြစ်၍ အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအတွက် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပင်ကိုရှိထားပြီးဖြစ်သည့် မြန်မာအမျိုးသမီးဂုဏ်ရည် ထိန်းသိမ်းရေး၊ သမိုင်းအစဉ်အလာကောင်းခဲ့သည့် စွမ်းဆောင်ရည်များပိုမိုမြင့်မားအောင် မြှင့်တင်ပေးရေးစသည့် ရည်ရွယ်ချက်များကို ဟန်ချက်ညီညီ စနစ်တကျ ဆောင်ရွက်ပေး လျက်ရှိကြောင်း၊ အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ပုဒ်ဖြစ်သည့် **“အမျိုးသမီးများဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့”** ဆိုသည့် ဦးတည်ချက်ကိုအကောင်အထည်ဖော်ရာတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးအတွက် ဇာထိုးပန်းထိုးသင်တန်းများ၊ စက်ချုပ်လုပ်ငန်းများ၊ မုန့်လုပ်နည်း၊ ချက်ပြုတ်နည်းလုပ်ငန်းများ၊ ပန်းအလှပြင်၊ ဆံပင်အလှပြင်သင်တန်းများ၊ တိုင်းရင်းဆေးပညာအခြေခံသင်တန်းများ၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးသင်တန်းများ စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးနေပါကြောင်း၊ ပြည်နယ်တစ်ခုလုံး အတိုင်းအတာအနေဖြင့် စီးပွားဖြစ်လုပ်ကိုင်သည်အထိ တိုးတက်အောင်ဆောင်ရွက်သွားနိုင်သည့် အလားအလာကောင်းများလည်း ရှိနေကြောင်း၊ အလုပ်အကိုင်လုပ်လိုသူများအား ဌာနဆိုင်ရာများ၊ ကုမ္ပဏီများနှင့် ဆက်သွယ်၍ အလုပ်အကိုင်များရှာဖွေပေးပြီး ချင်းပြည်နယ်အတွင်း ဝင်ငွေတိုးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤနေရာတွင်အလျဉ်းသင့်၍အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO က မြန်မာနိုင်ငံအပေါ် တစ်ဖက်စောင်းနင်း အရေးယူဆောင်ရွက်ချက်များကို ဆက်စပ်တင်ပြလိုကြောင်း၊ ILO၏ ၁၉၃၀ပြည့်နှစ်က အဓမ္မအလုပ်စေခိုင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉)ကို မြန်မာ နိုင်ငံက ၁၉၅၅ခုနှစ် မတ်လ ၄ ရက်နေ့တွင် စတင်လက်ခံကျင့်သုံးလာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်းတွင် ILOကမြန်မာနိုင်ငံ၌ အဓမ္မစေခိုင်းမှုများရှိသည်ဟုစွပ်စွဲကာ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး တစ်ဖက်သတ်ဆောင်ရွက်ခဲ့ကြောင်း။

ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်အမှတ်(၁/၉၉)ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံး အဓမ္မစေခိုင်းသည့် အမှုများမပြုလုပ်ရန်တားမြစ်ခဲ့ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်ရွက်ချက်ကို ILO က လျစ်လျူရှု မျက်ကွယ်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ILOအဖွဲ့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ILO သည် အကြောင်းအမျိုးမျိုးပြပြီး ဖိအားပေးခဲ့ကြောင်း၊ ၂၀၀၀ပြည့်နှစ်တွင် ILO၏ ဆုံးဖြတ်ချက်ကို အကြောင်းပြုပြီး အမေရိကန်အစိုးရက မြန်မာနိုင်ငံအထည်ချုပ်စက်ရုံများမှ ထွက်ကုန်များကို တင်သွင်းခွင့်မပြုဘဲ စီးပွားရေးပိတ်ဆို့ အရေးယူခဲ့ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း အထည်ချုပ်စက်ရုံပေါင်း ၁၆၀ ခန့် ပိတ်သိမ်းခဲ့ရပြီး စက်ရုံပေါင်း ၄၀ ခန့်မှ အလုပ်သမားအင်အားကိုလည်း လျှော့ချခဲ့ရကြောင်း။

အမေရိကန်၏ စီးပွားရေး ပိတ်ပင်ဖိအားပေးမှုကြောင့် အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားရှစ်သောင်းကျော်တွင် ခုနှစ်သောင်းကျော်သည် အမျိုးသမီးအလုပ်သမများဖြစ်ကြောင်း၊ ယင်းသို့ အလုပ်လက်မဲ့ဖြစ်ခဲ့ရ၍ မြန်မာမိသားစု လေးသိန်းကျော် အတိဒုက္ခရောက်ပြီး စားဝတ်နေရေးကသီလင်တဖြစ်ခဲ့ရကြောင်း၊ ၎င်းအလုပ်သမားများနှင့်ဆက်စပ်နေသည့် ဝန်ဆောင်မှု၊ သယ်ယူပို့ဆောင်ရေး၊ စားသောက်ဆိုင်စသည့် လုပ်ငန်းများပါ ရပ်ဆိုင်းသွားပြီး ပြည်သူအချို့ စီးပွားရေးကျဆင်းခဲ့ကြောင်း။

ILO သည် အလုပ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊အလုပ်သမားများ၏အကျိုးစီးပွားကို အကာအကွယ်ပေးရမည့် ILO၏ မှားယွင်းသည့် ဆုံးဖြတ်ချက်ကြောင့် လည်းကောင်း၊ နိုင့်ထက်စီးနင်း စီးပွားရေးပိတ်ဆို့ အရေးယူမှုကြောင့်လည်းကောင်း၊ မြန်မာအမျိုးသမီးများစွာ စီးပွားရေး ကသီလင်တဖြစ်ခဲ့ရခြင်းသည် လူမှုရေးအရ တရားမျှတမှု မရှိသည်မှာပေါ်လွင်ထင်ရှားနေပါကြောင်း၊ စီးပွားရေးပိတ်ဆို့ အရေးယူမှုကြောင့် မြန်မာအမျိုးသမီးများအပါအဝင် မြန်မာပြည်သူများ လူမှုရေး၊ စီးပွားရေးဘဝ နိမ့်ကျနေရသည်ကို အနောက်ဆရာကြီးများနှင့် ILOတို့က ဝမ်းသာအားရ ဖြစ်နေကြသလားဟု ဤနေရာမှနေ၍ မေးလိုက်ချင်ပါကြောင်း။

ILO အနေဖြင့် ၂၀၀၀ ပြည့်နှစ်၌ မြန်မာနိုင်ငံအပေါ် ချမှတ်ခဲ့သည့် မှားယွင်းသောဆုံးဖြတ်ချက်ကို ၂၀၀၅ ခုနှစ် ညီလာခံတွင် ပြန်လည်အသက်သွင်းခြင်းမှာလည်း တရားမျှတမှု လုံးဝမရှိသည့်အတွက်ကြောင့် ယင်းကိစ္စများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအမျိုးသမီးထုကြီးတစ်ရပ်လုံးက လုံးဝဥဿုံ အသိအမှတ်မပြုကြောင်းနှင့် ပယ်ချကြောင်း ပြောကြားလိုက်ပါကြောင်း။

မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေးပိတ်ဆို့ အရေးယူနေခြင်းသည် မြန်မာအမျိုးသမီးများအား လူကုန်ကူးမှုသားကောင်ဘဝသို့ ကျရောက်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်လာလျက်ရှိသဖြင့် ဖြစ်ပေါ်လာသည့်ဆိုးကျိုးများအတွက် ILO နှင့် အမေရိကန်နိုင်ငံတို့က တာဝန်ယူဖြေရှင်းပေးရန် လိုအပ်ကြောင်းတောင်းဆိုလိုက်ပါကြောင်း။

ILO သည် အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုသာဖြစ်ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားနှင့် သက်ဆိုင်သော လူမှုရေးပြဿနာများကို နိုင်ငံတကာအဆင့် ဖြေရှင်းဆောင်ရွက်ပေးရမည့် အဖွဲ့ကြီးဖြစ်ကြောင်း၊ သို့သော်လည်း ယနေ့ ILO၏ အခြေအနေသည် အနောက်ဆရာကြီးများ၏ ကြိုးဆွဲရာ“က”နေရသည့် ရုပ်သေးရုပ်တစ်ခုဖြစ်နေကြောင်း၊ နိုင်ငံရေးပယောဂနှင့် အရောင်ဆိုးခံထားရ၍ ဂုဏ်သတင်းလည်း ညစ်ထေးနေပြီဖြစ်ကြောင်း။

အထူးသဖြင့် အနောက်ဆရာကြီးများက မိမိတို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စများ၌ တရားမမျှတ၊ စည်းကမ်းနည်းလမ်းမကျသည့် ဖိအားပေးမှုများဖြင့် ဩဇာပေးစွက်ဖက်မှုများ လုပ်ဆောင်လာနေကြောင်း၊ ယခုကဲ့သို့ စွက်ဖက်မှုများကို ပိုင်စိုးပိုင်နင်း လုပ်ရဲလာခြင်းသည် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်၊ အမေကျော် ဒွေးတော်လွမ်းနေသည့် လူတစ်စု၏ လက်ယပ်ခေါ်နေမှုကြောင့်ဖြစ်ကြောင်း။

ပြည်ပအားကိုး ပုဆိန်ရိုးအဖွဲ့၏ အမျိုးသားရေးအကျိုးစီးပွားကို ဆန့်ကျင်သည့် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐**

အနောက်ဆရာကြီးများက စွက်ဖက်မှုများကို ပိုင်စိုးပိုင်နင်း လုပ်ရဲလာခြင်းသည် အမေကျော် ဒွေးတော်လွမ်းနေသည့် လူတစ်စု၏ လက်ယပ်ခေါ်နေမှုကြောင့်ဖြစ်

မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေး ပိတ်ဆို့အရေးယူနေခြင်းသည် မြန်မာအမျိုးသမီးများအား လူကုန်ကူးမှု သားကောင်ဘဝသို့ ကျရောက်စေသည့် အကြောင်းရင်းတစ်ခု ဖြစ်လာလျက်ရှိသဖြင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများအတွက် ILO နှင့် အမေရိကန်နိုင်ငံတို့က တာဝန်ယူဖြေရှင်းပေးရန် လိုအပ်ကြောင်း တောင်းဆို။

ပြည်ပမှ ဖိအားပေး ပိတ်ဆို့မှုများသည် လူတစ်စုတစ်ဖွဲ့ကိုသာ ကိုယ်စားပြုနေ

❒ စာမျက်နှာ ၁၁ မှ

လုပ်ရပ်များကြောင့် မိမိတို့အမျိုးသမီးများအပါအဝင် မြန်မာအလုပ်သမားများဘဝ ဒုက္ခပင်လယ်ဝေခဲ့ရကြောင်း၊ ယခုကဲ့သို့ ပြည်ပဖိအားပေးပိတ်ဆို့မှုများနှင့် အဆိုးမြင်ဝါဒီများ၏ ပူးပေါင်းလှုပ်ရှားမှုများသည် လူတစ်စု၊ လူတစ်ဖွဲ့၊ တစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးကိုသာ ကိုယ်စားပြုနေသည်ကို တွေ့ရမှာဖြစ်ကြောင်း။

မည်သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ မည်သို့သော အဟန့်အတား၊ အနှောင့်အယှက်များနှင့် ရင်ဆိုင်ရ

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဟားခါးမြို့နယ်မှ ဒေါ်မန်ဒိမ်း မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

သည်ဖြစ်စေ နိုင်ငံတော်အစိုးရက နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလက်တွေ့ကျသောစီမံကိန်းများချမှတ်လျက် မဆုတ်မနစ် မဖြစ်မနေ ဖော်ဆောင်ပေးသွားမည်သာဖြစ်ကြောင်း မမိုတ်မသုန် ယုံကြည်ပါကြောင်း၊ မိမိတို့ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုကို အပြည့်အဝခံယူပြီး အမျိုးသမီးရေးရာလုပ်ငန်းများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းရွက်သွားမည်ဟု ကတိပြုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မန်ဒိမ်းက မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားရာတွင် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ပညာရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ၌ စေတနာညကျောင်းများဖွင့်လှစ်ပေးခြင်း၊ သက်ကြီး စာဖတ်ဝိုင်း၊ စာသင်ဝိုင်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များ မျိုးပွားမှုဆိုင်ရာနှင့် ကူးစက်တတ်သောရောဂါများဆိုင်ရာ ပညာပေးဟောပြောခြင်းများကို ကျေးလက်ဒေသများအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့်လည်း ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကလေးသူငယ်များ အာဟာရတိုက်ကျွေးခြင်း၊ သက်ကြီးရွယ်အိုများနှင့် ဆင်းရဲနွမ်းပါးသည့်အမျိုးသမီးများအား ကျန်းမာရေးစစ်ဆေးမှုနှင့် ဆေးဝါးထောက်ပံ့ လှူဒါန်းပေးခြင်း၊ ဆေးကုသပေးခြင်းများကိုလည်း ဆောင်ရွက်နေပါကြောင်း။

ယဉ်ကျေးမှုကဏ္ဍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲပြိုင်ပွဲများ ကျင်းပခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ ပညာပေးဆောင်းပါးများ ရေးသားခြင်း၊ ချင်းပြည်နယ်နေ့တွင် ရိုးရာဝတ်စုံပြိုင်ပွဲများ ကျင်းပခြင်း၊ အတာသင်္ကြန်တွင် ယိမ်းအကပြိုင်ပွဲ ကျင်းပခြင်းများ ဆောင်ရွက်ပြီး ရိုးရာယဉ်ကျေးမှုဓလေ့များ အစွန့်ရှည်တည်တံ့ရေးတို့ကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း။

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အထက်ဖော်ပြပါကဏ္ဍရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လမ်းညွှန်မှု၊ ကြီးကြပ်မှုကိုခံယူကာ အဖွဲ့ဝင်များအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းအချိန်တွင် အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံအချို့က NLD မှ အမျိုးသမီး၏မွေးနေ့ ဇွန် ၁၉ရက်ကို မြန်မာအမျိုးသမီးများနေ့ဟု သတ်မှတ်ကြောင်း ကြေညာချက်များ ထုတ်ပြန်နေသည်ကို ပြည်ပသတင်းဌာနများက သဲသဲလှုပ် ထုတ်လွှင့်ပေးခဲ့ကြကြောင်း၊ အမှန်မှာ မြန်မာအမျိုးသမီးများနေ့ကို မြန်မာအမျိုးသမီးထုကြီးကသာ

သတ်မှတ်ပြဋ္ဌာန်းရမှာဖြစ်ကြောင်း၊ အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံ အဖွဲ့အစည်းများက သတ်မှတ်ပြဋ္ဌာန်းပိုင်ခွင့်လုံးဝ(လုံးဝ)မရှိကြောင်း၊ ဤလုပ်ဆောင်ချက်သည် မြန်မာ့ပြည်တွင်းရေးကို ကယ်တင်ရှင်ဆရာကြီးလုပ်ကာ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ကြောင်း။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တစ်ဖက်သတ် အမွှမ်းတင်ပြီး ၂၇သန်းကျော်သော မြန်မာအမျိုးသမီးအင်အားစုကြီး၏ ဂုဏ်ရည်နှင့် သဘောထားကို မျက်ကွယ်ပြုနေသည်မှာ ထင်ရှားလှကြောင်း၊ ထိုလုပ်ရပ်များသည် လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီပါသလား၊ ဒီမိုကရေစီနည်းလမ်းကျပါသလားဟု မေးလိုက်ချင်ပါကြောင်း။

ချင်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အနေဖြင့်မြန်မာနိုင်ငံ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းများနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုး ကိုယ့်အမျိုးသားရေးအဖြစ် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အမျိုးသမီးများ၏ အခွင့်အရေးများကို အကာအကွယ်ပေးလျက်ရှိသကဲ့သို့ ပြည်ထဲရေးဝန်ကြီးဌာနကဦးစီးပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတစ်ရပ်ကို ပထမမူကြမ်းအထိ ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ မကြာမီ ဥပဒေပြုပြဋ္ဌာန်းနိုင်တော့မှာဖြစ်၍ အမျိုးသမီးများအနေဖြင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုလိုက်ပါကြောင်း၊ ဤနေရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ရှည်လျားလှသော သမိုင်းကြောင်းတစ်လျှောက်၌ မြန်မာတိုင်းရင်းသူအမျိုးသမီးများအနေဖြင့် အမျိုးသမီးအခွင့်အရေးအပြည့်အဝရရှိခဲ့ကြပုံ၊ ကိုလိုနီသူ့ကျွန်ဘဝ၌ အမျိုးသမီးအခွင့်အရေးများ ပစ်ပယ်ဆုံးရှုံးခဲ့ပုံတို့ကို ဂုဏ်ပြုသီကုံးထားသည့် ကဗျာတစ်ပုဒ်ကို တင်ပြလိုက်ပါကြောင်း။

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆု ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့ကြီး တစ်ခုဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထုကြီး၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် ကျယ်ပြန့်ထိရောက်စွာ လွှမ်းခြုံဖော်ဆောင်ပေးနိုင်ရန် လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့ချုပ်ကြီး၏ ဖွဲ့စည်းပုံကိုကြည့်လျှင် လက်အောက်လုပ်ငန်းအဖွဲ့များနှင့် ဌာနကြီးများ ပါဝင်ဖွဲ့စည်းထားပြီး အဆင့်ဆင့်အဖွဲ့များအဖြစ် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့များဆိုပြီး အောက်ခြေအဆင့်အထိ ကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အဖွဲ့ချုပ်သည် ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာရှေးရှုသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်နေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီး ပေါ်ထွန်းလာခြင်းသည် မိမိတို့ မြန်မာတိုင်းရင်းသူ အမျိုးသမီး

ဝံသာနုရက္ခိတတရား လက်ကိုင်ထား အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ရှောက်မြှင့်တင်

အမျိုးသားရေးရှေးရှု အမျိုးသမီးထု

☆ **မြန်မာဘုရင်၊ အုပ်စိုးစဉ်ချိန်**
ဂုဏ်သိန်မငယ်၊ တင့်တယ်လှပ
ပုရိသနှင့်၊ အခွင့်မျှတူ
ရယူခွင့်ရ၊ အဘွားတို့ဘဝ။

☆ **သူ့ကျွန်ခေတ်မှာ၊ မွေးဖွားလာပြီး**
မြန်မာအမျိုးသမီး၊ ရှိပြီးခွင့်ရေး
မှေးမှေးမှိန်မှိန်၊ သိမ်သိမ်နုပ်နုပ်
အရုပ်သဖွယ်၊ တင့်တယ်မှုကင်း
ကြီးပြင်းလာရ၊ အမေတို့ဘဝ။

☆ **ယနေ့ခေတ်မှာ၊ ကြီးပြင်းလာပြီး**
မြန်မာအမျိုးသမီး၊ ရှိပြီးခွင့်ရေး
ရောင်တင်ပေးလျက်၊ တိုးတက်ခေတ်မီ
နိုင်ငံတည်ရာ၊ အရေးပါသည့်
မြန်မာအမျိုးသမီး၊ ဖွဲ့အစည်းကို
ဖွဲ့စည်းခွင့်ရ၊ ကျွန်မတို့ဘဝ။

☆ **ကျွန်မတို့ခေတ်၊ ကျွန် မဖြစ်၍**
အဘွားခေတ်က၊ ဣတ္ထိယတို့
ရကြခွင့်ရေး၊ တည်မြဲရေးနှင့်
တိုင်းရေးပြည်မှု၊ အာရုံပြု၍
ရှေးရှုအစဉ်၊ လုပ်ငန်းခွင်မှာ
ပါဝင်နိုင်တာ၊ လုပ်နိုင်တာကို
သေချာ ကျွန်မ သိပါ၏။

☆ **ကျွန်ဖြစ်နေလျှင်**
မဝင်လူရာ၊ ဖြစ်ခဲ့တာလည်း
မာတာခေတ်က၊ သက်သေပြ၍
ကျွန်မသိခဲ့ပြီးပါပြီ။

☆ **ကျွန်မတို့တွေ၊ လှုပ်ရှားနေမှု**
အစုစုသည်၊ ကျွန်ပြုနိုင်ရန်
စီမံဖန်နေ၊ နယ်ချဲ့တွေအား
တံတားသဖွယ်၊ အဝင်လွယ်ရေး
လမ်းခင်းပေးခြင်း၊ အလျှင်းမရှိ
ဣတ္ထိယရေး၊ အမျိုးသားရေးသာ
အမှန်ဖြစ်ပါကြောင်း
ကောင်းကောင်းတွေ့မည် ဖြစ်ပါ၏။ ။

များ၏ဘဝ ပိုမိုသာယာလှပရန်၊ ပိုမိုလုံခြုံစိတ်ချရန်၊ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် မှီခိုအားထားရာ ပြည်ထောင်စုထီးရိပ်ကြီးပမာဖြစ်၍ အဖွဲ့ချုပ်ကြီး အင်အားတောင့်တင်းခိုင်မာပါစေ၊ အစွန့်ရှည်ကြာစွာ ထာဝရရပ်တည် နိုင်ပါစေဟု ဂုဏ်ပြုအပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဟားခါးမြို့နယ်မှ ဒေါ်ဒိမ်ရှယ်ကျိန် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဒိမ်ရှယ်ကျိန်က မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုစကား ပြောကြားရာတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရရှိပြီးဖြစ်ကြောင်း၊ မိမိကိုယ်ပိုင်နာမည်၊ ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆများနှင့် လုပ်ပိုင်ခွင့်များကို မွေးရာပါအခွင့်အရေးအဖြစ် ရရှိပြီးဖြစ်နေကြောင်း၊ နိုင်ငံသမိုင်းတစ်လျှောက်ထင်ရှားခဲ့သည့် မျိုးချစ်အာဇာနည် ကုမ္မာရီအမျိုးသမီးများ၊ နယ်ချဲ့ကိုဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် မျိုးချစ်အမျိုးသမီးများသည် တစ်မျိုးသားလုံးအား ထိပါးစော်ကားလာသည့် နယ်ချဲ့ကို ကျရာကဏ္ဍမှ တွန်းလှန်ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်း

ကျော်ကြားလိုမှု၊ ထင်ပေါ်ပလွှားလိုမှုဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ကြောင်း၊ အကြောင်းမှာ မိမိတို့ အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံ၌သာလျှင် မိမိတို့၏ယဉ်ကျေးမှုသည် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာနိုင်မှာဖြစ်ကြောင်း၊ အချုပ်အခြာအာဏာနှင့်အတူ မိမိတို့၏ယဉ်ကျေးမှု မပပျောက်အောင်၊ မတိမ်ကောအောင် နယ်ချဲ့လက်အောက်မှ လွတ်မြောက်အောင် တိုက်ပွဲဝင်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယနေ့ခေတ် မြန်မာအမျိုးသမီးများကလည်း အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် နိုင်ငံရေးရာ၊ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ပါဝင်ထမ်းရွက်နေရုံမျှမက မြန်မာ့ရိုးရာယဉ်ကျေးမှု မပပျောက်အောင်၊ မျိုးနွယ်မတိမ်ကောအောင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း။

မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် အမျိုးသမီးဆိုသည့် ဂုဏ်ပုဒ်သည် မိခင်တို့၏ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားဆိုသည့် ဂုဏ်ရည်ကို ကိုယ်စားပြုကြောင်း၊ အမျိုးသားများနှင့် တန်းတူ လှုပ်ရှားဆောင်ရွက်ခွင့်၊ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်မှုကို စွမ်းဆောင်နိုင်ခွင့်ရရှိကြကြောင်း၊ မိမိတို့၏ စွမ်းရည်ထက်မြက်မှုကို ပြသခွင့်ရရှိကြကြောင်း၊ တစ်ဖက်တွင်လည်း ဘာသာတရား၏ အဆုံးအမများ၊ အပြန်အလှန်ထိန်းသိမ်းစောင့်ထိန်းရမည့် လူမှုကျင့်ဝတ်၊ ဟီရိဩတ္တပ္ပတရား နှစ်ပါးအခြေခံသော ယဉ်ကျေးသိမ်မွေ့သည့် ဓလေ့စရိုက် အစဉ်အလာများလည်း ရှိထားကြောင်း၊ မာန်မာနကင်းရှင်းစွာဖြင့် နှိမ့်ချဆက်ဆံတတ်ခြင်း၊ အမျိုးသားများအပေါ် အလေးအမြတ်ထားနေရာပေးဆက်ဆံခြင်းတို့သည် မြန်မာအမျိုးသမီးများ၏ မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ဖြစ်ကြောင်း၊ ဤသည်တို့ကို ငယ်ရွယ်စဉ်ကပင် လိုက်နာကျင့်သုံးလာခဲ့ကြသည့်အတွက် မြန်မာအမျိုးသမီးတိုင်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်း ထောင်လွှားမောက်မာခြင်းမရှိဘဲ ယဉ်ကျေးသိမ်မွေ့သည့် နှလုံးသားပိုင်ရှင်များ ဖြစ်ကြကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်က ပြည်နယ်နှင့်တိုင်းအနှံ့ တက္ကသိုလ်၊ ကောလိပ်များ၊ ဒီဂရီကောလိပ်များဖွင့်လှစ်ပြီး ဒေသခံတိုင်းရင်းသား လူငယ်များ ငွေကြေးကုန်ကျသက်သာစွာ ပညာဆည်းပူးနိုင်အောင် စီမံဆောင်ရွက်ပေးနေကြောင်း၊ တစ်ဖက်ကလည်း ပညာပြည့်ဝလာသည်နှင့်အမျှ လူမှုရေးဘဝမြင့်တက်လာအောင်၊ အလုပ်အကိုင် အခွင့်အလမ်းများရှာဖွေပေးခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်၏ကိုယ်စား စွမ်းဆောင်ပေးနေခြင်းသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထူးခြားသည့် စွမ်းဆောင်မှုတစ်ရပ်ဖြစ်ကြောင်း။

သမိုင်းစဉ်ဆက် ထိန်းသိမ်းလာကြသည့် အမျိုးစောင့်တရားဖြစ်သော ဝံသာနုရက္ခိတ တရားကို လက်ကိုင်ထားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ရှောက်မြှင့်တင်သွားကြရမည်ဖြစ်ကြောင်း၊ ခိုင်မာပြတ်သားသော အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ပျိုးထောင်ရင်း အမျိုးသမီးထုကြီးတစ်ရပ်လုံးက ညီညာတက်ကြွစွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မိသားစုစိတ်ဓာတ်ဖြင့် ဖွဲ့စည်းထားသည့် မိမိတို့ မြန်မာနိုင်ငံ၌ တိုင်းရင်းသားလူမျိုးများအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကြသည့် သွေးသားအရင်းအချာ အစစ်များပင်ဖြစ်ကြောင်း၊ ဤမောင်နှမများအား မြန်မာပြည်တစ်နံတစ်လျားကန့်သတ်ချက်မထားဘဲ လွတ်လပ်ချစ်ကြည်စွာ တွေ့ဆုံနိုင်ရန်၊ ရိုးရာဗဟုသုတများ ဖလှယ်နိုင်ရန်နှင့် ပညာရည်နို့ သောက်စို့နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပြုစုပျိုးထောင်ပေးနေသည်ကိုလည်း တွေ့ရှိရမှာဖြစ်ကြောင်း။

ယခုအခါ ကမ္ဘာကြီးသည် ကျေးရွာတစ်ရွာ အနေအထားသို့ ရောက်ရှိလာနေပြီဟု တင်စားပြောဆိုနေကြကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှု၊ လုပ်ဆောင်မှုများ၊ ဝါဒသဘောထားများ၊ ကိုယ်ကျိုးစီးပွားကာကွယ်မှုများကိုလည်း ကြားသိမြင်တွေ့နေကြရကြောင်း။ **စာမျက်နှာ ၁၃ကော်လံ ၁ သို့** ❍

❍ စာမျက်နှာ ၁၂ မှ

နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးခေါင်းဆောင်များ၏ သဘောထားနှင့် လုပ်ဆောင်ချက်များကို လေ့လာသုံးသပ်ကြည့်လျှင် နိုင်ငံတော်နှင့် အမျိုးသားရေးကိုထိပါးလျှင် မချိအောင်နာကြသည်။ အမျိုးသားရေးကိစ္စတိုင်းတွင် ပြည်သူလူထုအကျိုးစီးပွားအတွက် ပြတ်ပြတ်သားသားရှေ့တန်းမှ ရပ်တည်ကြသည်။ ပါတီအချင်းချင်းကိုသာ ဝေဖန်ကြသည်၊ နိုင်ငံတော်အစိုးရကို ပြစ်တင်ဝေဖန်တိုက်ခိုက်လေ့မရှိကြ၊ ပြည်သူလူထုအကျိုးကို ဆန့်ကျင်မှုမပြုကြ စသည့် သဘောထားရပ်တည်ချက်များကို တွေ့မြင်ရမှာဖြစ်ကြောင်း။

သို့သော်လည်း မိမိတို့နိုင်ငံမှ NLD ဒေါ်စုကြည်၏ သဘောထားလုပ်ဆောင်ချက်မှာ ဖော်ပြပါအချက်များနှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ နိုင်ငံ့အကျိုးစီးပွား၊ ပြည်သူ့အကျိုးစီးပွားမှန်သမျှ ဝင်မလာရအောင်ပိတ်ပင်တားဆီးနေပြီး ၎င်းအတွက် နိုင်ငံတကာမှ ချီးမြှင့်သည်ဆိုသော ဆုတံဆိပ်၊ ဘွဲ့၊ ငွေကြေးမှန်သမျှကို အဆက်မပြတ် ရယူလက်ခံနေကြောင်း၊ ဒေါ်စုကြည်သည် တိုင်းပြည်နှင့် လူမျိုးကို ချစ်သည်၊ တိုင်းပြည်ကောင်းစားအောင်လုပ်မည်ဟု လူကြားကောင်းအောင် တွင်တွင်ပြောနေသော်လည်း ရသမျှနိုင်ခြားဆုတော်ငွေမှန်သမျှကို ၎င်း၏ခင်ပွန်းနှင့် သားနှစ်ဦးကောင်းစားရေးအတွက်သာ အသုံးချခဲ့ကြောင်း၊ မြန်မာနိုင်ငံအတွက် တစ်ပြားတစ်ချပ်မှ မသုံးခဲ့သလို မြက်တစ်ပင်မနုတ်၊ အုတ်တစ်ချပ်မသယ်ခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိအနေဖြင့် ၂၀၀၃ခုနှစ် မေလ ၃၀ ရက် ဒေါ်စုကြည်ခေါင်းဆောင်သည့် NLD အဖွဲ့၏ ချင်းပြည်နယ်ခရီးစဉ်ကို ပြန်ပြောင်းသတိရမိကြောင်း၊ ယင်းခရီးစဉ်၌ ဖခင်၏အရှိန်အဝါကြောင့် အထင်ကြီးပြီး မမြင်ဖူးကြ၍ ရွာသူရွာသားများက ဝိုင်းအုံကြည့်ရှုကြကြောင်း၊ ဤသည်ကို သွေးနားထင်ရောက်ကာ အာဏာမီဆန်ရေးတရားများ၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းများ၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းများကို တွင်တွင်ပြောကြားပြီး NLDကို အပြည့်အဝထောက်ခံကြဖို့ ဆိုသည်ကိုသာ စည်းရုံးတိုက်တွန်းသွားခဲ့ကြောင်း။

ပထဝီအနေအထားအရ ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် မိမိတို့ချင်းပြည်နယ်အတွက် လိုအပ်ချက်များကို မည်သို့ထောက်ပံ့မည်၊ မည်ကဲ့သို့ဖြည့်ဆည်းပေးမည်ဆိုသည်ကို တစ်ခွန်းတစ်ပါဒမျှ ပြောကြားမသွားခဲ့သကဲ့သို့ ချင်းပြည်နယ်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ အပ်တစ်ချောင်းကိုမျှ လက်တွေ့ကျကျ ပေးမသွားခဲ့ပါကြောင်း၊ ဤအခြေအနေကို ကြည့်ခြင်းဖြင့် ဒေါ်စုကြည်၏ တိုင်းပြည်ကိုချစ်တယ်၊ လူမျိုးကိုချစ်တယ်၊ လူထုကောင်းစားအောင်လုပ်မယ် ဆိုသည့်စကားများသည် သူ့အားပစ်ခွာထားရမည့် မုသားသစ္စာများသာဖြစ်ကြောင်း ရဲရဲကြီး ပြောကြားလိုက်ပါကြောင်း။

ချင်းပြည်နယ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့အနေဖြင့် တိုင်းရင်းသားရိုးရာလေ့များဆိုင်ရာ ဟောပြောပွဲများ၊ ပြပွဲများ၊ ကပွဲများ၊ အစားအစာရောင်းချပွဲများ ကျင်းပခြင်း၊ တိုင်းရင်းသားအချင်းချင်း တွေ့ဆုံပွဲများပြုလုပ်ပေးခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်စေ့မျိုးပွဲတော်ကျင်းပ၍ လက်ဖက်ပျိုးပင်များ အပါအဝင် အရိပ်ရအလှပင်မျိုးစုံ စိုက်ပျိုးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်မှုအနေဖြင့် အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရေမြောင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း။

သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ရေပိုက်လိုင်းများသွယ်ယူခြင်း၊ မြစ်ချောင်းအင်းအိုင်ရေတွင်းရေကန်အတွင်းရှိ ရေများကောင်းမွန်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေထုညစ်ညမ်းမှုကာကွယ်ရေး ပညာပေးရေးနှင့် ကြီးကြပ်ဆောင်ရွက်မှုတို့ကို ဆေးရုံများ၊ ကျောင်းများနှင့် ဈေးများ၌ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

သစ်တောများ ထိန်းသိမ်းရေးအတွက် တောမီးလောင်ကျွမ်းမှုကာကွယ်ရေး ပညာပေးဆောင်ရွက်မှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောမှုများ၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ချင်းပြည်နယ်မှာရှိသည့် ရွှေ့ပြောင်းတောင်ယာစနစ်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ပြန်လည်ပျက်စီးစေခြင်းကြောင့် ကုန်မြင့်လယ်ယာစနစ်နှင့် လှေကားထစ်စိုက်ပျိုးရေးလုပ်ငန်းများကို အစားထိုး ဆောင်ရွက်နိုင်အောင် ပညာပေးစည်းရုံး ကြပ်မတ်လျက်ရှိသဖြင့် နောင်တစ်ချိန်တွင် ရွှေ့ပြောင်းတောင်ယာစနစ် လုံးဝဖျက်သိမ်းပြီး ကုန်မြင့်လယ်ယာစနစ်နှင့် လှေကားထစ်စိုက်ပျိုးရေးလုပ်ငန်းများ ပီပီပြင်ပြင် ဖွံ့ဖြိုးလာတော့မှာဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ကြောင်း၊ နှစ်ပေါင်းထောင်ချီသည့် သမိုင်းကြောင်းရှည်လျားစွာဖြင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ နိုင်ငံ၏အကျယ်အဝန်း၊ လူဦးရေချိုးအစားနှင့် တွက်ကြည့်လျှင် နိုင်ငံငယ်လေးတစ်ခုမဟုတ်ကြောင်း၊ အလတ်တန်းနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကိုလိုနီဘဝကျရောက်ခဲ့သော်လည်း လွတ်လပ်ပြီး ဤဘက်ခေတ်တွင် ကိုလိုနီအငွေ့အသက်များကို အပြီးတိုင် ရိုက်ချိုးဖယ်ရှားကာ ကိုယ့်အားကိုယ်ကိုး ရပ်တည်နေသော၊ ရပ်တည်နိုင်သော၊ ဂုဏ်သိက္ခာရှိသော နိုင်ငံဖြစ်ကြောင်း၊ ခေတ်သစ်ကိုလိုနီဘဝမျိုးကို ဘယ်တော့မှ အရောက်ခံတော့မှာမဟုတ်ကြောင်း၊ အမျိုးသားရေးကိစ္စရပ်များကို မိမိတို့ကိုယ်တိုင်ကိုယ်ကျ စီမံဖန်တီးကြမှာဖြစ်ကြောင်း၊ ထို့ကြောင့် **"မြန်မာအမျိုးသမီးများနေ့"**ကို မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်းကမျှ ဆရာလုပ်ပြီး သတ်မှတ်ပြဋ္ဌာန်းပေးခြင်းကို လုံးဝလက်မခံကြောင်း၊ ယခုကဲ့သို့ ဂုဏ်သိက္ခာရှိသည့် ဇူလိုင် ၃ရက် **"မြန်မာအမျိုးသမီးများနေ့"**ကို မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးအား ကိုယ်စားဂုဏ်ပြုသတ်မှတ်ပေးပါသော နိုင်ငံတော်အစိုးရအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ ချင်းပြည်နယ်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားမယ်များအားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြပြီး ကြွေးကြော်သံများ တစ်ခဲနက်ကြွေးကြော်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝိဇာတမင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၂

သထုံမြို့ နေမိန္ဒရတောင်ခြေ စိတ္တသုခကြယ်ကျောင်း ပဓာန နာယက ရွှေပုတီး ဆရာတော် ဘဒ္ဒန္တဥတ္တမ၏ ဝိဇာတမွေးနေ့မင်္ဂလာ၊ (၁၀၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာနှင့် သံဃာအပါး ၁၀၀၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဟု သိရသည်။ (၂၃)

ဝါတွင်းဝိပဿနာသင်တန်း

ရန်ကုန် ဇူလိုင် ၁၂

ပ-သုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့၏ ဝါတွင်း ရဟန်းတော်များ ဝိပဿနာတရားသင်တန်းကို ဇူလိုင် ၂၈ရက် (ဝါဆိုလပြည့်ကျော် ၈ရက်) ကြာသပတေးနေ့မှစ၍ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အနည်းဆုံး ပထမငယ်တန်းအောင်မြင်ပြီး သံဃာတော်များ ဇူလိုင် ၁၃ရက် (ဝါဆိုလဆန်း ၈ရက်)မှစ၍ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ အမှတ် (၂၁) ပသုံးလုံး ဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ်တွင် လျှောက်ထားနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာလူငယ်ကြက်တောင်အဖွဲ့ ပြိုင်ပွဲဝင်ရန် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၂

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇူလိုင် ၁၁ရက်မှ ၁၇ရက်ထိ ကျင်းပမည့် ၂၀၀၅ခုနှစ် အာရှအငယ်တန်း တံခွန်စိုက်ကြက်တောင်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ်ကြက်တောင်အဖွဲ့သည် ဇူလိုင် ၁၀ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ(ဂရိတ်ဝေါဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်း)နှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(အောက်ပုံ)

မြန်မာလူငယ်ကြက်တောင်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးအောင်ကြည်၊ နည်းပြဆရာများအဖြစ် ဦးရော်ဘင်တင်နှင့် ဒေါ်ဆွေမာဦး၊ အားကစားသမားများအဖြစ် အမျိုးသား သံလွင်အောင်၊ တေဇာဖြိုး၊ အေးမင်းထွန်း၊ စိုင်းကျော်စိုး၊ အမျိုးသမီး ထူးထူးရှ၊ နေဇာလှိုင်၊ ခိုင်ဇာလင်းနှင့် လှိုင်မွန်ကြူတို့ လိုက်ပါသွားကြသည်။ ပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၁၂

ဦးသိန်းအောင် (M.G.C Resturant) သည် ကစားဖော်များဖြစ်ကြသော ဦးမောင်မောင်လေး(ဦးမော့ရစ်)၊ ဦးကြည်ဝင်း(ဘက်ထရီ)နှင့် ဦးဝင်းမြင့်ထွန်းတို့နှင့်အတူ ဇူလိုင် ၄ရက်က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်ရိုက်ကစားကြရာ Titleist Provi ဘောလုံးကို Callaway Iron (8) သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာ အပေါက်တွင်ရှိသော ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရသူများစာရင်း ကြေညာ

ရန်ကုန် ဇူလိုင် ၁၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၅ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရသူများမှာ အဆင့်(၁) အသက်(၆-၈)နှစ် အတန်းတွင် ပထမဆု မခင်ကြေးမှုဦး ဒုတိယတန်း ရန်ကင်း ပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ဒုတိယဆု မောင်သုခနန္ဒ ပထမတန်း အထက(၂) တောင်ဥက္ကလာပ၊ တတိယဆု မောင်ခန့်ဘုန်း တတိယတန်း အမက(၁၈) တောင်ဥက္ကလာပ၊ အထူးဆုများ မစိုးသဇင် ပထမတန်း အမက(၂၃) ချမ်းအေးသာစံ၊ မခိုင်ဆုဇာသွင် တတိယတန်း အလက(၁)ဒဂုံ၊ မဖြိုးသရဖီထွန်း ဒုတိယတန်း အလက(၁) လှိုင်ကော်၊ မောင်သုရှုပ်ရိုးစိုး ဒုတိယတန်း အမက(၂၄) ပုသိမ် ရော့ဝတီတိုင်း၊ မအေးချမ်းမိုး တတိယတန်း အထက(၁) မြိတ် တနင်္သာရီတိုင်းတို့ ဖြစ်ကြသည်။

အဆင့်(၂) အသက်(၉-၁၂)နှစ်အတန်းတွင် ပထမဆု မပွင့်မြတ်သူ ဆဋ္ဌမတန်း အထက(၂) လသာ၊ ဒုတိယဆု မအေးမြတ်သူ ဆဋ္ဌမတန်း အထက(၂) လသာ၊ တတိယဆု မောင်ထက်နိုင်လင်း ဆဋ္ဌမတန်း အထက(၁)ဒဂုံ၊ အထူးဆုများ မောင်အောင်သူရ ပဉ္စမတန်း အထက(၁) အောင်မြေသာစံ၊ မဆုမြတ်နိုးနွယ် သတ္တမတန်း အထက(၂)ဒဂုံ၊ မောင်သက်မိုးနိုင် ပဉ္စမတန်း အထက(၂) ကျောက်တန်း၊ မောင်ချမ်းထိုက် သတ္တမတန်း အထက(၂)ပုသိမ်၊ မနှင်းဆီမမ ပဉ္စမတန်း အထက(၈) အောင်မြေသာစံတို့ ဖြစ်ကြသည်။

အဆင့်(၃) အသက်(၁၃-၁၅)နှစ်အတန်းတွင် ပထမဆု မခိုင်မြတ်မျိုးထွန်းလင်း အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ ဒုတိယဆု မောင်ဟိန်းထက်အောင် အဋ္ဌမတန်း ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ကမာရွတ်၊ တတိယဆု မောင်ဇင်ကိုကို ဒသမတန်း အထက(၄) အလုံ၊ အထူးဆုများ မခိုင်သဇင်ထက် နဝမတန်း အထက(၄) ဗိုလ်တထောင်၊ မသီရိထွန်း အဋ္ဌမတန်း အထက(၁) ကျောက်တန်း၊ မောင်စိုင်းကောင်းသူရ အဋ္ဌမတန်း အထက(၁) တောင်ကြီး၊ မောင်ထွန်းဇော်ဖြိုး နဝမတန်း အထက(၁၄) ချမ်းအေးသာစံ၊ မနော်အိမွန်ငွေး နဝမတန်း အထက သံကုန်းတို့ ဖြစ်ကြသည်။

အဆင့်(၄) အသက်(၁၆-၁၈)နှစ်အတန်းတွင် ပထမဆု မောင်မင်းမိုး ပထမနှစ် ပန်းချီ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)၊ ဒုတိယဆု မောင်ဇာနည်ထွန်း ဒသမတန်း အထက(၁) စစ်တွေ၊ တတိယဆု မောင်ဇော်ဇော်အောင် သတ္တမတန်း အထက(၂) မော်လမြိုင်၊ အထူးဆုများ မနှင်းလဲ့ဖြူ ပထမနှစ် ကွန်ပျူတာ ကွန်ပျူတာတက္ကသိုလ် ရန်ကုန်၊ မောင်ဝင်းမြတ်သူ ဒသမတန်းဖြေ အထက(၃) တာမွေ၊ အထူးဆုများ မောင်ရဲထွဋ်အောင် ပထမနှစ် အင်္ဂလိပ်စာ ဒဂုံတက္ကသိုလ်(အဝေးသင်)၊ မောင်မင်းဇော်ထူး ပထမနှစ်(မြန်မာစာ) အနောက်ပိုင်းတက္ကသိုလ် ရန်ကုန်၊ မမေအိမ်စည်ဦး ပထမနှစ်(ပန်းချီ) ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့ ဖြစ်ကြသည်။

အဆင့်(၅) အလွတ်တန်းတွင် ပထမဆု ဦးရဲထွဋ်အောင် (လောကနတ်ပန်းချီ) ကျောက်တန်း၊ ဒုတိယဆု ဒေါ်ခင်သက်လွင် (စက္ကူထုပ်ပိုးပစ္စည်းစက်ရုံ) သန်လျင်၊ တတိယဆု ဦးဝင်းမြင့်ထွန်း (ပန်းချီ) ကျောက်တန်း၊ အထူးဆုများ မောင်သူရအောင် ကျောက်တန်း၊ ဒေါ်ခင်မြို့မြင့်ရွှေ ကျောင်းဆရာမ အထက(၁၇) အောင်မြေသာစံ၊ ဦးဌေးအောင် (ကာတွန်း) ဗဟိုပုံနှိပ်တိုက်၊ မသဇင်မြင့် တာမွေ၊ မောင်သိန်းဦး တာမွေတို့ ဖြစ်ကြသည်။

စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများမှာ တက္ကသိုလ်/ကောလိပ်အဆင့်တွင် ပထမဆု မရွှန်းဝင့်ဆွေ တတိယနှစ် အစိုးရ ကွန်ပျူတာကောလိပ် လှိုင်ကော်၊ ဒုတိယဆု မနှင်းဥရည် ဘီအီးဒီ ပထမနှစ် ရန်ကုန် ပညာရေးတက္ကသိုလ်၊ တတိယဆု မယဉ်ယဉ်ထက် တတိယနှစ်(ဥပဒေ) မော်လမြိုင်တက္ကသိုလ်၊ အထူးဆုများ မဆုလဲ့ဝင်း ဒုတိယနှစ်(သတ္တဗေဒ) မြိတ်တက္ကသိုလ်၊ မစုစုဇင် လုပ်ခွင်အကြို ဒုတိယနှစ် ပညာရေးကောလိပ် မြစ်ကြီးနား၊ မထက်ထက်အောင် ပထမနှစ်(ရူပဗေဒ) တောင်ငူတက္ကသိုလ်၊ မဇင်ဇင်အောင် ပထမနှစ်(ရက္ခဗေဒ) ကျိုင်းတုံ ဒီဂရီကောလိပ်၊ မနှင်းဝေလင်း ပထမနှစ်(သိပ္ပံ) ရန်ကင်း ပညာရေးကောလိပ်တို့ ဖြစ်ကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မရွှေဇင် နဝမတန်း အထက(၁) တောင်ဥက္ကလာပ၊ ဒုတိယဆု မစန္ဒီဦးလှိုင် အဋ္ဌမတန်း အလက ညောင်လေးပင်၊ တတိယဆု မောင်အောင်မြင့် နဝမတန်း အထက(၁) မြစ်ကြီးနား၊ အထူးဆုများ မခင်သန္တာကို ဒသမတန်း အထက(၂) မင်းဘူး၊ မနိုရီလွင် အဋ္ဌမတန်း အလက(၂) ညောင်ရွှေ၊ မနန်းယမုံခင် နဝမတန်း အထက(၆) လားရှိုး၊ မအေးမြတ်မြတ်မျိုး နဝမတန်း အထက(၁) မြိတ်၊ မဒါလီတင်ဦး အဋ္ဌမတန်း အလက(၁) ပြည် တို့ ဖြစ်ကြသည်။

အခြေခံပညာ အလယ်တန်းအဆင့်တွင် ပထမဆု မနှင်းသန္တာထွန်း သတ္တမတန်း အထက(၄) စစ်တွေ၊ ဒုတိယဆု မမေမြတ်မှူးအောင် ဆဋ္ဌမတန်း အထက(၁) ပဲခူး၊ တတိယဆု မောင်ကျော်ခိုင်ထက် သတ္တမတန်း အလက(၁) ပုသိမ်၊ အထူးဆုများ မခိုင်သတ္တမတန်း အထက(၃) ဒဂုံ(မြောက်)၊ မခိုင်သဉ္ဇာအောင် သတ္တမတန်း အထက(၂) မင်းဘူး၊ မစုမြတ်နိုင်ဝေ သတ္တမတန်း အထက(၁) မုံရွာ၊ မမြကြာဖြူလွင် သတ္တမတန်း အထက(၂) ဗန်းမော်၊ မဆုယမင်းခင် ဆဋ္ဌမတန်း အထက(ခွဲ) ညောင်ရွှေတို့ ဖြစ်ကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများမှာ ပထမဆု A.K.Moe (သတ္တဗေဒ)၊ ဒုတိယဆု ဦးမြင့်သိန်း (ရူပဗေဒ)၊ တတိယဆု ဦးလှထွန်း၊ အထူးဆုများ ဦးကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ A.K.Moe (သတ္တဗေဒ)၊ လှိုင်သန်းတင့်(ရွှေပန်းချီ)၊ ရွှေလေမျိုးအောင်နှင့် ဦးထင်အောင်(အင်းစိန်)တို့ ဖြစ်ကြသည်။

ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဇူလိုင် ၁၅ရက် ရန်ကုန်မြို့၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများသည် ဦးအောင်သန်း ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားစီးဌာနသို့ လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများသည် ဦးချစ်ရင် ဌာနခွဲမှူး စီမံနှင့်ဘဏ္ဍာဌာနခွဲ ပြည်သူ့အင်အားစီးဌာနသို့လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများသည် ဦးမောင်မောင်မြင့် လက်ထောက်ညွှန်ကြားရေးမှူး ပြည်သူ့အင်အားစီးဌာနသို့လည်းကောင်း ပတ်စပို့ဓာတ်ပုံ သုံးပုံနှင့်အတူ ဇူလိုင် ၁၃ ရက်တွင် လာရောက်သတင်းပို့ကြရမည်ဖြစ်သည်။

အထူးဆုရရှိသူများအား ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်/တိုင်းများတွင် သက်ဆိုင်ရာပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနများမှတစ်ဆင့် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံးကို တိုင်းကျိုးပြည်ဆောင် အင်အားစုဖြစ်လာအောင် ကြိုးပမ်း ပထမဆင့်အနေဖြင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တိုးပွားလာအောင် စည်းရုံးဆောင်ရွက် စည်းရုံးရရှိပြီးသည့် အင်အားစုကြီးကို အမာခံအသင်းဝင်များဖြစ်အောင် ပျိုးထောင်လေ့ကျင့်

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဆရာစံလမ်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းကျောင်းခန်းမဦကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်ရေးကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများဖြစ်ကြသည့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေး(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၀၅) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ သင်တန်းဖွင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်ဖြင့် တိုင်းပြည်နှင့်လူမျိုးသိက္ခာကျအောင် ပြည်သူများ အကျပ်အတည်းတွေ့အောင် လုပ်ဆောင်နေမှုများ ရပ်တန့်က ရပ်သင့်ပြီဖြစ် အနောက်အုပ်စု နိုင်ငံကြီးအချို့၏ ဆရာကြီးလုပ်မှုကို ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချ

ရန်ကုန် ဇူလိုင် ၁၂

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမဦကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါ်မြမြဝင်း၊ ချင်းပြည်နယ် ဒေသစည်းရုံးရေးမှူး ဒေါ်ရှိန်းပိုင်၊ ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ တီးတိန်နှင့် တွန်းဇံမြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ချင်းတိုင်းရင်းသူများ၊ ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွယ်ဂျာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မန်ခန့်ဟွဲ၊ ချင်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ဟရန်ကိပ်မဲင်း၊ ဒေါ်ဘုဏ်မုန်းနှင့် ဒေါ်ခင်စန်းတို့က ဆောင်ရွက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✡

မြန်မာ အမျိုးသမီးများနေ့ အခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမဦ ကျင်းပရာ ချင်းတိုင်းရင်းသူလေးများက "မြန်မာအမျိုးသမီးများ စွမ်းပကား" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)